ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (3-8-2015) (၈၂၈၁)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| တံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်

## ကူညီထောက်ပံ့ပေးသည့်ပစ္စည်းများ အမှန်တကယ် လိုအပ်သူများလက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်။

**နေပြည်တော် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးမြတ်ဟိန်း၊ ဦးရဲထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် တောင်ဖီလာတောရကျောင်းတိုက်အတွင်း နေရာချထားသည့် ရေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ဖီလာတောရကျောင်းတိုက်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။** (ပြန်/ဆက်)



**ကြေးမုံစာတည်းရှုထောင့်** **၃-၈-၂၀၁၅၊ တနင်္လာနေ့**

# ဂရုဓမ္မသီလစောင့်ထိန်းမှုချမ်းသာ

လောကလူ့ရွာ လူတို့ကမ္ဘာတွင် လူအများ၌ ကောင်းသောတရားရှိဖို့ လိုအပ်ပါသည်။ မည်သည့်လူမျိုးမဆို သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ လိမ်ညာပြောကြားခြင်း၊ သေရည်သေရက်သောက်သုံးခြင်း၊ သူတစ်ပါးသားမယားကိုပြစ်မှားခြင်း စသည့်အမှုတို့ကို မကောင်းသောအမှုများအဖြစ် သတ်မှတ်ထားကြသည်။ ထိုမကောင်းသောအမှုငါးမျိုးစောင့်ထိန်းခြင်းကို ဗုဒ္ဓဘာသာတွင် ဂရုဓမ္မသီလဟု ခေါ်ဆိုပါသည်။

ဂရုဓမ္မသီလသည် လူတို့စောင့်ထိန်းအပ်သည့် အကျင့်သီလဖြစ်ပါသည်။ သို့သော် မျက်မှောက်ကာလ၌ ထိုငါးပါးသီလကို အလုံးစုံစောင့်ထိန်းနိုင်သူမှာ နည်းပါးပေလိမ့်မည်။ ထိုငါးပါးသီလတွင် လူအများအလွယ်ဆုံးဖောက်ဖျက်ကျူးလွန်နိုင်သည့်သီလမှာ လိမ်ညာပြောဆိုခြင်းဖြစ်သည်။ လူတို့သည် ပုထုဇဉ်များသာဖြစ်၍ မိမိအကျိုးစီးပွားနှင့်ယှဉ်လျှင် လိမ်ညာပြောဆိုရန် ဝန်မလေးတတ်ချေ။

ဒုတိယမြောက် ဖောက်ဖျက်လွယ်သောသီလမှာ အရက်သေစာသောက်သုံးခြင်းဖြစ်သည်။ တတိယမြောက်ဖောက်ဖျက်လွယ်သောသီလမှာ သူတစ်ပါးသားမယားကိုပြစ်မှားခြင်းဖြစ်သည်။ ထိုပြစ်မှားခြင်းကိုဆိုရာ၌ ကိုယ်ဖြင့် ပြစ်မှားကျူးလွန်ခြင်းမဟုတ်လည်း စိတ်ဖြင့်ပြစ်မှားခြင်းလည်း အနည်းနှင့်အများ အကျုံးဝင်သည်။ စတုတ္ထမြောက်ပြစ်မှားခြင်းမှာ သူ့ဥစ္စာကိုခိုးယူခြင်းဖြစ်သည်။ ထိုအပြစ်မှာလည်း တစ်စုံတစ်ဦး၏ပစ္စည်းကို ခိုးယူရုံသာမက အများပိုင်ပစ္စည်းကို အများမသိအောင် ရယူခြင်းလည်း ပါဝင်သည်။ နောက်ဆုံးအပြစ်မှာ သူ့အသက်သတ်ခြင်းဖြစ်သည်။ လူတို့ ကိုယ်ကျင့်တရားဖောက်ဖျက်ကြရာ၌ သူ့အသက်သတ်မှုများလည်း တိုးပွားလာသည်ကို တွေ့မြင်လာရသည်။

အဆိုပါ သီလများမှာ လူ့ဘဝတွင် အလွန်အရေးကြီး၏။ အဆိုပါသီလငါးပါးကို လူတို့ပေ့ါပေ့ါတန်တန် ပြုကျင့်၊ ဖောက်ဖျက်လာကြသောအခါ ဘေးဥပဒ်အန္တရာယ်များ ကြုံတွေ့လာရ၏။ ဇာတက-၄-ဒု-ကုရုဓမ္မဇာတ်တော်တွင် ကာလိင်္ဂတိုင်းပြည်တစ်ဝန်းလုံး၌ ကပ်ဘေးသုံးပါး ဆိုက်ခဲ့၏။ ထိုကပ်ဘေးမှလွတ်မြောက်ရန်အတွက် အလှူပေး၍ သီလဆောက်တည်ရန် အကြံပြုကြ၏။ ထိုအကြံပြုချက်အတိုင်း အဆင့်ဆင့်ဆောင်ရွက်ကြပြီး တစ်တိုင်းပြည်လုံးရှိ ပြည်သူအပေါင်းတို့က ဂရုဓမ္မခေါ် ငါးပါးသီလကို ဖြည့်ဆည်းကျင့်ကြံအားထုတ်ကြကုန်၏။ ထိုအချိန်မှစတင်၍ ကာလိင်္ဂတိုင်း၌ ကပ်ဘေးကင်းပျောက်ပြီး ကြီးပွားချမ်းသာခြင်းသို့ရောက်ခဲ့သည်ဟု ကျမ်းဂန်တွင်ရှိခဲ့ပြီးဖြစ်သည်။

ငါးပါးသီလကို ကျင့်ကြံပွားများအားထုတ်ခြင်း၏ အကျိုးသည် ကြီးမားလှပါသည်။ ဘေးဥပဒ်အန္တရာယ်များမှ ကျော်လွှားသွားနိုင်သည့်အပြင် လူမင်းနတ်မင်းအဖြစ်ကို ရရှိနိုင်ရုံမျှမက အာသဝေါကုန်ခန်း၍ နိဗ္ဗာန်ချမ်းသာအမြတ်တရားကိုပင် ရရှိနိုင်သည့်အကျိုးထူးများရှိပါ၏။ သို့သော် လူတို့လိုက်နာကျင့်သုံးရန် အားနည်းလှ၏။ ထိုသို့အားနည်းသောကြောင့် ဘေးဒုက္ခများ ကြုံတွေ့နိုင်၏။ သံသရာတွင် ဒုက္ခဆင်းရဲများနှင့်တကွအပါယ်လေးဘုံသို့ပင်ကျဆင်းနိုင်၏။ ထို့ကြောင့် ဒုက္ခဆင်းရဲခြင်း ထူပြောလှသောအချိန်ကာလတွင် ဂရုဓမ္မသီလကို စောင့်ထိန်းကြရန်လိုအပ်၏။

သဒ္ဓါရသဘောတရားအရ လူတို့သာမက ကမ္ဘာကြီးသည်ပင် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားကို မလွဲမသွေရင်ဆိုင်ရ၏။ ထိုသို့မလွဲမသွေ ရင်ဆိုင်ရသော အချိန်အခါတွင် မိမိတို့သည် ထိုအပျက်သဘောတရားတွင် မပါဝင်သည့် ဗြဟ္မာ့ဘုံကိုးဘုံတွင် ကျန်ရှိနေစေရန် သီလကိုစောင့်ထိန်း၍ ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ(ချစ်ခင်နှစ်သက်ခြင်း)၊ ကရုဏာ(သနားခြင်း)၊ မုဒိတာ(ဝမ်းမြောက်ခြင်း)၊ ဥပေက္ခာ(လျစ်လျူရှုခြင်း) ဤတရားလေးပါးကိုလည်း စောင့်ထိန်းကြရန် လိုအပ်ပါသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် လူတို့သီလစောင့်ထိန်းခြင်း၊ ဗြဟ္မစိုရ်တရားလေးပါးကျင့်သုံးခြင်းတို့ ပါးလျားလာနေရာ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းများကို မြင်တွေ့နေရသည်မှာ သိသာထင်ရှားပါသည်။ ထို့ကြောင့် လတ်တလောတွင်ပင် လူသားများအားလုံး ငါးပါးသီလကို အတတ်နိုင်ဆုံးစောင့်ထိန်းကြကာ ဗြဟ္မစိုရ်တရားလေးပါးကို တတ်နိုင်သမျှစောင့်ထိန်းကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်များကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါသည်။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

# ရန်ကုန်မြို့တွင်းရှိ စက်ရုံအလုပ်ရုံများသို့ ဓာတ်ငွေ့ပိုမိုဖြန့်ဖြူးပေးနိုင်မည့် ရွာမ-လှော်ကား-သာကေတ ၃၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖွင့်

**ရန်ကုန် ဩဂုတ် ၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရွာမ-လှော်ကား-သာကေတ ၃၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ရွာမ-လှော်ကား-သာကေတ ၃၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဓာတ်ငွေ့ဖြည့်သွင်းသည့် ဘားလှည့်၍ ရွာမ-လှော်ကား-သာကေတ ၃၀ လက်မပိုက်လိုင်းအတွင်းသို့ ဓာတ်ငွေ့စတင်ပို့လွှတ် ဖွင့်လှစ်ပေးသည်။

ရွာမ-လှော်ကား-သာကေတ ၃၀ လက်မ သဘာဝဓာတ်ပိုက်လိုင်းသည် မြန်မာ့ရေနံသမိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဆက်သွယ်ခဲ့သော အကြီးဆုံးအရွယ်အစားပိုက်လိုင်းဖြစ်ပြီး ယခင်က အချင်း ၂၄ လက်မပိုက်လိုင်းအထိသာ အကြီးဆုံး ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ ယခု ပိုက်လိုင်းတည်ဆောက်ဆက်သွယ်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ သဘာဝဓာတ်ငွေ့များ ပိုမိုရရှိလာပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အခြားစက်မှုလုပ်ငန်းများသို့ ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက်ဖြစ်ပြီး ပိုက်လိုင်းကို လက်ရှိအသုံးပြုလျက်ရှိသော ရွာမ-လှော်ကား-သာကေတ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် အပြိုင်ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။

ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်များကို ဖြတ်သန်းဆက်သွယ်ခဲ့ရပြီး ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်ရှိ သီးနှံများအတွက် သီးနှံလျော်ကြေးပေးလျော်ရေးကော်မတီများ စနစ်တကျဖွဲ့စည်းပြီး သီးနှံလျော်ကြေးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ပိုက်လိုင်းဆက်သွယ်ခြင်း လုပ်ငန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သံချေးမစားနိုင်သော PE Coated ပိုက်များကို အသုံးပြုကာ ဆက်သွယ်ထားခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပိုက်လိုင်းကို မြေအောက်အနက် သုံးပေတွင် မြှုပ်နှံပြီး မူရင်းမြေမျက်နှာပြင်များအတိုင်း ဖြစ်စေရန် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါပိုက်လိုင်းဖြင့် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် စက်ရုံအလုပ်ရုံများသို့ပါ ဓာတ်ငွေ့ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား စားသောက်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်

**သထုံ ဩဂုတ် ၂**

မွန်ပြည်နယ် သထုံမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒုံသမိချောင်းနံဘေးရှိ ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်းတွင် ချောင်းရေမြင့်တက်ကာ လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့ရာ အဆိုပါကျေးရွာရှိ ရေဘေးလွတ်ရာ တပ်ဦးဘုန်းကြီးကျောင်းနှင့် ရွာလယ်ဓမ္မာရုံများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်မတော်သားများ စုပေါင်း၍ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါနေရာများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးခြင်း၊ နယ်မြေခံဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နေရာများမှာ နှစ်စဉ်ရေလွှမ်းမိုးခံရသည့်နေရာများဖြစ်ကြောင်း၊ ဒုံသမိချောင်း၏ စိုးရိမ်ရေမှတ်မှာ ၁၄ ပေဖြစ်ပြီး ဇူလိုင် ၃၁ ရက် တိုင်းထွာချက်များအရ ၁၀ ပေ ၄ လက်မသာရှိကြောင်း၊ ရေလွှမ်းခံအိမ်ထောင်စုများကို ဇူလိုင် ၃၀ ရက် ည ၉ နာရီခန့်မှ စတင်ပြီး တပ်ဦးဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားလျက်ရှိရာ အိမ်ထောင်စု ၃၄ စု၊ ရွာလယ်ဓမ္မာရုံတွင် အိမ်ထောင်စု ၁၆ စု၊ အိမ်ထောင်စုပေါင်း ၅၀ နှင့် လူဦးရေ ၂၅၀ ခန့် ပြောင်းရွှေ့နေရာ ချထားပြီးဖြစ်ကြောင်း သိရသည်။

**(သထုံမြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလွဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလဲ့၊ သီရိ

# ဘေးဒုက္ခနှင့်ကြုံတွေ့လာရင် အသက်ရှင်ရပ်တည်နိုင်ဖို့အရေးအကြီးဆုံး

# အသက်ရှင်ရပ်တည်နိုင်ဖို့ လိုအပ်တာတွေလုပ်ခွင့်ရအောင် စီမံဆောင်ရွက်ထား

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်။

ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့်အတွက် မြေပြိုမှုများ၊ သီးနှံစိုက်ခင်းများနှင့်နေအိမ်များ ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။



တောင်ဖီလာတောရကျောင်းတိုက်မှ သံဃာတစ်ပါး။

မကြုံစဖူး ထူးကဲရေလျှံမှုများကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို နိုင်ငံတော်သမ္မတအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများအဖြစ် ကြေညာခဲ့ရသည်။

နိုင်ငံတော်သမ္မတသည် ရာသီဥတုဆိုးရွားနေသည့်ကြားကပင် ရေဘေးသင့် ပြည်သူများအား လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးသို့ ဩဂုတ်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကိုယ်တိုင်သွားရောက်အားပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဒေသခံဆရာတော် တစ်ပါးနှင့် ပြည်သူများ၏ပြောကြားချက်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်-

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

မနေ့ကလည်း ကယ်ဆယ်ရေးစခန်းအားလုံး ငါးခုကို လိုက်ကြည့်ပြီးတော့မှ ရေဘေးဒုက္ခသည်တွေနဲ့ ကိုယ်တိုင်တွေ့ပြီးတော့ သူတို့ကိုအားပေးတာတွေ၊ လိုအပ်ချက်တွေသိအောင် သူတို့ဆီကနေပြီးတော့ ပြောခဲ့ဆိုခဲ့တာတွေ၊ သူတို့ မေးတာလေးတွေကိုလုပ်ပေးစရာတွေကတော့ အများကြီးပါပဲ။

အဲဒီတော့ တစ်ခုကံကောင်းတာကတော့ ဘေးဒုက္ခတွေနဲ့ကြုံတွေ့လာရင် အသက်ရှင်ရပ်တည်နိုင်ဖို့က အရေးအကြီးဆုံးပဲ။ အခုကတော့ သေဆုံး၊ ပျောက်ဆုံးမှုက မရှိသလောက်နည်းပါတယ်။ အားလုံးကအသက်ရှင်သန်ပြီးတော့ ကယ်ဆယ်ရေးစခန်းတွေကို သွားတယ်။

သွားတဲ့အတွက်ကြောင့် သူတို့ နိစ္စဓူဝလိုအပ်တဲ့ဟာတွေ၊ သူတို့လိုအပ်တဲ့ဟာတွေကို တတ်စွမ်းသမျှဖြည့်ဆည်းပေးနေပါတယ်။ နောက်တစ်ခုကတော့ ရှေ့ကို ဆက်ပြီးတော့ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ဒါတွေကို ထောက်ပံ့ဖို့၊ မျိုးစပါးတွေ ဆုံးရှုံးခဲ့တာတွေကို ပြန်ပြီးတော့ပေးဖို့၊ မိုးစပါးကို အမိစိုက်နိုင်ဖို့အတွက် ပြန်ပြီးတော့ ထွန်ယက်ပေးဖို့ အဲဒါတွေကို စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ဖို့ ဒီမှာလာပြီးတော့ သူတို့နဲ့တွေ့ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လိုအပ်တာတွေလည်း လုပ်ခွင့်ရအောင် စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**ဗိုလ်ကြီးထွန်းဦး(ခွဲစိတ်ပါရဂူ) အမှတ်(၁၀)တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀)**

တောင်ဖီလာကျောင်းမှာ ဒီနေ့နဲ့ဆို (၃)ရက်မြောက် ဖြစ်ပါတယ်။ ပထမဆုံး ကျွန်တော်တို့ အမက(၃)ကယ်ဆယ်ရေးစခန်းမှာ ဆေးခန်းဖွင့်တယ်။ ဖွင့်ပြီး (၂)ရက်နေတော့ ရေလွှမ်းသွားတော့ ကယ်ဆယ်ရေးစခန်းက ဒုက္ခ



ဗိုလ်ကြီးထွန်းဦး(ခွဲစိတ်ပါရဂူ)

သည်တွေလည်း ဟိုရွှေ့ ဒီရွှေ့နဲ့ နောက်တော့ တပ်မှူးကနေပြီးတော့ တောင်ဖီလာမှာနေပြီး ဆေးခန်းလာဖွင့်ပါဆိုတော့ လာဖွင့်တာပါ။

ပထမတစ်ရက်မှာတော့ လူနာ ၈၅ ဦးလာပြပါတယ်။ အဲဒီအချိန်က ဒုက္ခသည်စခန်းက စာရင်းမကောက်ရသေးဘူး။ စာရင်းရှင် ၁၃၀၀ လောက်ရှိပါတယ်။ မနေ့က တဖြည်းဖြည်းနဲ့ များများလာပြီးတော့ ဒုက္ခသည်ဦးရေက ၃၀၀၀ လောက်ရှိပါတယ်။ ဒါပေမယ့် ဒီစခန်းက စာရင်းမဝင်သေးတော့ ဘယ်လောက်ရှိတယ်ဆိုတာတော့ မပြောနိုင်သေးပါဘူး။

မနေ့ကကြည့်ရတဲ့လူနာကတော့ ၁၂၅ ယောက်လောက်ရှိပါတယ်။ မိုးထဲ၊ လေထဲမှာသွားရတာဆိုတော့ ဖျားတာ၊ နာတာတွေ၊ ထိမိခိုက်မိတာတွေ အဲဒါကများပါတယ်။ ဒီမှာကတော့ အစကရှိပြီးသားရောဂါတွေ ဆေးပြတ်သွားလို့ သွေးတိုးတာတို့၊ ဆီးချိုတို့၊ ဆေးကရေထဲပါသွားတာတို့ အဲဒီလို ရောဂါတွေပဲများပါတယ်။

အဓိကကတော့ ထိခိုက်ဒဏ်ရာရတဲ့ အသေးစားလေးတွေပေါ့။ ရေထဲမှာ ဖျားတာ၊ နာတာ အဲဒါတွေပဲများပါတယ်။ အရေးပေါ်ဆိုရင်တော့ ဆေးရုံကို ပို့နိုင်အောင် ကားလည်း စီစဉ်ထားပါတယ်။ အချိန်မရွေး တပ်မတော်ဆေးရုံ ခုတင်(၁၀၀)ကို ပို့နိုင်အောင်စီစဉ်ထားပါတယ်။

ဒီမှာကျွန်တော်တို့ ဆရာဝန်နှစ်ယောက်၊ သူနာပြုလေးယောက်ပေါင်း ခြောက်ယောက်ရှိပါတယ်။အရင်တုန်းက ရန်ကုန်မှာပါ။ ကျွန်တော်လည်း ဒီပြောင်းလာတာ မကြာသေးပါဘူး။ သူတို့ကလည်း ဒီဟာက အနှစ်(၁၀၀)မှာ တစ်ခါကြုံရတယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း တစ်ခါမှ ဒီလိုမျိုးမကြုံဖူးသေးဘူး။

ရေဘေးက ကျွန်တော်တို့ တပ်နားမှာ ရောက်နေပြီဆိုတော့ ဘယ်အချိန်ထပြေးရမယ်ဆိုတာ မသိသေးဘူး။ ရေကမကျဘူးဖြစ်နေတယ်။ ရေမြန်မြန်ကျပါစေလို့ ဆုတောင်းနေပါတယ်။ နောက်ဆက်တွဲဖြစ်လာမယ့်ရွာတွေကို ခန့်မှန်းပြီးတော့ ကာကွယ်လို့ရတာတွေကို ကာကွယ်ပြီး အတတ်နိုင်ဆုံးကြိုးစားပြီး ကုသပေးနေပါတယ်။



ဦးကြီးမောင်။

**ဦးကြီးမောင်**
**အောင်ခေတ်စံရွာ**

ခြေထောက်တွေ၊ လက်တွေကျင်လို့ ကိုက်ခဲနေလို့ လာကုတာပါ။ အသက်(၇၅)နှစ်ရှိပြီ။ အခုအချိန်အထိ ဒီလိုမတွေ့ဖူးပါဘူး။ အင်မတန်စိတ်ဆင်းရဲရပါတယ်။ ကိုယ်သာမဟုတ်ဘူး။ တခြားသူတွေကိုလည်း မြင်ရတာလုံးဝစိတ်မကောင်းပါဘူး။ နိုင်ငံတော်သမ္မတကြီးကိုတော့ အတိုင်းထက်အလွန် ကျွန်တော်ကျေးဇူးတင်ပါတယ်။ ပြည်သူတွေကိုပစ်မထားဘူးဆိုတဲ့ သဘောကိုသိရလို့ ကျွန်တော်တအားဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့ ရေဘေးဒုက္ခသည်တွေဖြစ်နေတာတွေကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခံစားရတယ်ဆိုတော့ အခုလိုကူညီကြည့်ရှုတာကို ကျွန်တော်ဝမ်းမြောက်ပါတယ်။



ဒေါ်တိုးတိုးဆွေ။

**ဒေါ်တိုးတိုးဆွေ**
**ကလေးမြို့နယ်၊**
**မြို့နယ်သူနာပြုအဆင့်(၁)**

ကျွန်မတို့က တောင်ဖီလာတင်မကပါဘူး။ ကလေးမြို့နယ်မှာဆိုရင် ဆေးခန်းခြောက်ခု ဖွင့်ထားပါတယ်။ ဆေးခန်းခြောက်ခုစလုံးမှာ ဝန်ထမ်းတွေကိုချထားပါတယ်။ တောင်ဖီလာမှာတော့ ကျွန်မတို့ ဇူလိုင် ၂၇ ရက်နေ့ကစပြီးတော့ ဆေးတွေပေးနေပါတယ်။ အခုဒီနေ့ဆိုရင် ၄၂ ယောက်ရောက်ပါပြီ။ လောလောဆယ်တော့ ရေမိလို့ ညောင်းကိုက်ပြီး နာတာပဲရှိပါတယ်။ ကျန်တဲ့ရောဂါတော့ မရှိပါဘူး။ နဂိုသွေးတိုးရှိလို့ ဆေးလာယူတာတွေပဲ ရှိပါတယ်။ ကျွန်မတို့ ကိုယ်တိုင်လည်း ရေဘေးဒုက္ခသည်ပါပဲ။ ဒါပေမယ့် ကျွန်မတို့ ပစ္စည်းတွေကို ပစ်ထားပြီးတော့ ပြည်သူတွေရဲ့ ကျန်းမာရေးအခြေအနေကို နေ့စဉ်နဲ့ အမျှ စောင့်ရှောက်ပေးခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်။ ဝမ်းလည်းသာမိပါတယ်။ ကျွန်မတို့ အခက်အခဲအနေနဲ့ကတော့ အဆင်ပြေအောင်လုပ်နေရတယ်။ ကြုံတဲ့နေရာမှာ အိပ်ပြီးတော့ ဆေးခန်းက ဆေးယူပြီး လိုက်ပြီးတော့ စောင့်ရှောက်မှုတွေပေးနေရတာပါ။

ဆေးဝါးတွေကျတော့ တပာန်းဆက်စင်တာကနေ ယူပြီးသုံးနေတယ်။ နောက်ထပ်ကတော့ ရဟတ်ယာဉ်တွေနဲ့ နိုင်ငံတော်က မနေ့ကရောက်လာပါတယ်။ အဲဒီဆေးတွေနဲ့သုံးပေးနေပါတယ်။ အခုဆိုရင် မိခင်နဲ့ကလေးက ဆရာမ လေးယောက်၊ တပာန်းက ခုနစ်ယောက်၊ ကျန်းမာရေးမှူးနှစ်ယောက် ဒါနဲ့ပဲကျွန်မတို့ လှုပ်ရှားနေရပါတယ်။ လောလောဆယ်ကတော့ အရေးကြုံရင် ဆေးတွေယူရတာခက်ခဲတဲ့အတွက် အမြန်ဆုံးပို့ပေးနိုင်အောင်ပေါ့။ အခုလည်းပို့ပေးတဲ့အတွက် အဆင်ပြေသွားပါပြီ။ ခုလည်း ရေတက်ပြီဆိုတာနဲ့ ဆေးတွေက ကြိုပြီးစုဆောင်းထားရတာပါ။

**တောင်ဖီလာတောရကျောင်းတိုက်မှ သံဃာတစ်ပါး**

နှစ်စဉ် နှစ်စဉ် ရေတက်တယ်။ ဒါပေမယ့် တစ်ခါမှ ဒီလောက်ဆိုးရွားတာမရှိဘူး။ အရင်နှစ်တွေကလည်း ဒါမျိုးတွေမတွေ့ခဲ့ဘူး။ မတွေ့ဖူးတော့ ရေရောက်မယ်မထင်ဘူး။ ကိုယ့်နေရာကိုယ်ပဲ အေးအေးဆေးဆေးနေကြတယ်။ တကယ်ကျတော့ ရေကမှန်းထားတာထက် တစ်နာရီကို တစ်လက်မနှုန်း၊ နှစ်လက်မနှုန်း အပြင်းအထန်တက်လာတော့ ဘာပစ္စည်းမှ မယူနိုင်တော့ဘဲ လာခဲ့ကြတာ။

တချို့ကလည်း စိတ်ဖိစီးမှုတွေ၊ စိတ်ဆင်းရဲမှုတွေ၊ တချို့ကျတော့ အရေးတကြီး အိမ်ပေါ်ကဆင်းလို့ ကျတဲ့လူနဲ့၊ ခါးနာတဲ့သူ၊ ဒူးနာတဲ့သူ၊ ခါးကျိုးတဲ့သူတွေနဲ့၊ ဒီရောက်တော့လည်း မူးမော်၊ အော့အန်၊ အဲဒါတွေ အကုန်လုံး ဒီကိုရောက်လာကြတယ်။ အဲဒီဒုက္ခသည်တွေ အသက်ရှင်ချမ်းသာဖို့အရေး ဆေးဝါးတွေနဲ့ တပ်ကလည်း လာလုပ်ပေးပါတယ်။ ဘုန်းကြီးတို့နဂိုကလည်း ဆန်တွေ၊ ဆီတွေလှောင်ထားတာရှိပါတယ်။

ဒီလိုဒုက္ခဖြစ်ရင် ကျွေးဖို့မွေးဖို့



ဆွေမိုးထွန်း။

ဘုန်းကြီးကျောင်းရှိတာနဲ့ပဲ အရေးပေါ်ကျွေးနေတာပါ။ အခုလောလောဆယ်အထိ မနေ့ကတော့ ရွှေပန်းတိုင်ကုမ္ပဏီက ဆန် ၂၁ အိတ်၊ ခေါက်ဆွဲခြောက်ထုပ် ၄၈ ဖာ၊ ဆေးလာလှူကြတယ်။ တချို့လည်း တစ်အိတ်စ၊ နှစ်အိတ်စတွေလာလှူတယ်။ လောလောဆယ် ဘာလိုအပ်သလဲ၊ အရေးကြီးသလဲဆိုရင် ဆီးဝမ်းသွားတဲ့နေရာ နည်းနည်းလိုအပ်ပါတယ်။

ဘုန်းကြီးကျောင်းမှာတော့ အိမ်သာ ၂၅ လုံးလောက်ရှိပါတယ်။ ဒါပေမယ့် မလုံလောက်ဘူး။ အဲဒါတွေအတွက် ရောဂါရမှာကြောက်တာ။ နောက်ပြီးတော့ စားဝတ်နေရေး၊ ဆန်၊ ဆီ၊ ဆား၊ ပဲ အဓိက ဦးစားပေးရပါတယ်။

အဓိကတော့ ကျန်းမာရေးရယ်၊ စားရေးသောက်ရေးရယ်၊ နောက်ဆက်တွဲရောဂါတွေရလာမှာရယ်၊ လိုအပ်ချက်ကတော့ လက်ရှိသိပြီးသားဆိုတော့ ဘုန်းကြီးအနေနဲ့ ဘာမှ ထူးထူးခြားခြားမရှိပါဘူး။ ဘုန်းကြီးပြောချင်တာကတော့ သမ္မတကြီးအပေါ်အကာကို မကြည့်ဘဲနဲ့ တကယ့်ကို တိုင်းသူပြည်သားတွေရဲ့ ရင်ထဲမှာခံစားနေရတဲ့ အတွင်းအနှစ်သာရကိုသိအောင် သမ္မတကြီး မြင်အောင်ကြည့်ပြီးတော့မှ အားလုံးပြည့်စုံအောင် သမ္မတကြီးဖြည့်ပေးလိုက်ပါ။ တစ်တိုင်းပြည်လုံးဖခင်ဖြစ်နေတယ်။ ကိုယ့်သားသမီးတွေပေါ့။ စားရမဲ့သောက်ရမဲ့သားသမီးတွေကို ဝအောင်ကျွေးပေးပါ။ သမ္မတကြီးကိုယ်တိုင်လာအားပေးတော့ ဘုန်းကြီးတို့ကတော့ ဝမ်းသာတဲ့စကားပဲ ပြောရမှာပါ။

အဖေပျောက်၊ အမေပျောက် သားသမီးတွေက အဖေသစ်၊ အမေသစ်တွေ့သလိုပါ။ အားကိုးတကြီးနဲ့ လာရောက်တွေ့ဆုံပေးတာ၊ အားပေးတာ၊ အခုလက်ရှိနှုတ်က ပြောသွားခဲ့သလို အားလုံးအတွက် မိသားစုတွေလို စိတ်ထားပြီး ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် စိတ်တူကိုယ်တူနဲ့ ဝိုင်းဝန်းပြီးတော့ သမ္မတကြီးပြောသွားတဲ့စကားအတိုင်း အောက်ကလူတွေကလည်း အကောင်အထည်ဖော်ပေးဖို့၊ ဟန်ဆောင်အလုပ်တွေမလုပ်ဘဲ၊ အမြင်ကောင်းအောင် အလုပ်တွေမဟုတ်ဘဲနဲ့ ဘုန်းကြီးတို့ကတော့ ယနေ့မီဒီယာတွေ ခေတ်စားတော့ ကြားကောင်း၊ မြင်ကောင်းအောင်ဆိုတာမျိုးတွေမရေးဖို့၊ မပြောဖို့နဲ့ တကယ့်လက်တွေ့အကောင်အထည်ဖော်ဖို့ တစ်တိုင်းပြည်လုံးလည်း ပြောချင်တာပဲ။ ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေ လွတ်မြောက်အောင် ဆောင်ရွက်ပေးပါလို့။

ဒီဒုက္ခသည်တွေကတော့ ရေကြီးလိုက်တာက ရေရှည်ဒုက္ခပေးတဲ့လုပ်ငန်းကြီးဖြစ်နေတော့ ၆ လ၊ ၇ လလောက်တော့ ပြေငြိမ်းသွားမှာမဟုတ်ပါဘူး။ သမ္မတကြီးလည်းလာပြီး မေ့မေ့ပျောက်ပျောက်မဟုတ်ဘဲနဲ့ ဒါကိုအမြဲမပြတ်စောင့်ကြည့်ပြီးတော့ ဆောင်ရွက်ပေးပါလို့အထူးပြောချင်ပါတယ်။ ရေတိုစီမံကိန်းမဟုတ်ဘူး၊ ရေရှည်စီမံကိန်းဆိုတော့ လာမယ့်နှစ်တွေလည်း ဒီလိုအခက်အခဲတွေနဲ့တွေ့ကြုံလာရင် ကျော်လွှားနိုင်အောင် ကြိုတင်ပြီးဆောင်ရွက်ထားဖို့ပါ။ ရေကြီးလိုက်တဲ့အတွက် အိုးအိမ်တွေလည်း အများကြီးပျက်စီးသွားတယ်။

ဆန်ရေစပါးတွေလည်း ရေထဲနစ်သွားတာအများကြီးရှိတယ်။ နောက်နောင်တွေလည်း အဲဒီလိုမနစ်အောင် ဘယ်လို ဆောင်ရွက်မလဲဆိုတာကို အာဏာပိုင်အဖွဲ့အစည်းတွေ ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ စာမျက်နှာ ၄ သို့ ❋

## ပြည်တွင်းရေးရာ

❃ စာမျက်နှာ ၃ မှ

တချို့ကဘာမှမပါခဲ့ဘူး။ မထင်မှတ်ဘဲ ည ၁ နာရီ၊ ၂ နာရီ တကယ့် မိုးမမြင် လေမမြင်အချိန်ကျမှ ဆင်းပြေးခဲ့ကြတာတွေ အများကြီးဘာမှမယူ နိုင်ခဲ့ဘူး။ အဲဒီတော့ စိတ်ဖိစီးပြီး ပုံမှန်စိတ်တွေမရှိကြတော့ဘူး။ ရရာနဲ့ပဲ လာခဲ့ကြရတယ်။ ကံကောင်းတာက ဘုန်းကြီးရှိတာရယ်၊ ဆိုင်ကယ်လေးတွေ၊ သုံးဘီးလေးတွေရှိတာရယ်၊ အဲဒီလိုသာ အဆင်မပြေဘူးဆိုရင်တော့ ဒီထက်ဆိုးဖို့ပဲရှိတယ်။ လူအသေအပျောက်တွေလည်း ပိုများသွားနိုင်တယ်။

**ဆွေမိုးထွန်း**
**ညောင်ပင်သာရပ်ကွက်**

ကျွန်တော်က ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းမှာ နေပါတယ်။ အခုရေလျှံနေတဲ့အတွက် တောင်မြင်သာဘုန်းကြီးကျောင်းမှာ ခေတ္တနားခို နေထိုင်နေရပါတယ်။ ရေဘေးဒုက္ခသည်အဖြစ်နဲ့ အခုဖြစ်သွားတဲ့ကိစ္စတွေက ကျွန်တော်တို့ နေရာတွေဆိုရင် အိမ်ဝင်းထဲတောင်မှ ရောက်ခဲ့ပါတယ်။



မီးမီး
အောင်မြင်သာရပ်ကွက်။



လန်းဆန်း
ကွန်ပျူတာဒုတိယနှစ်။



မနွဲ့နွဲ့ဝင်း
ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်။



မပြုံးမေ
ချမ်းမြေ့အောင်၊ နယ်မြေ(၁၃)။

ကျွန်တော်တို့ နေတဲ့အိမ်ဆိုရင် နှစ်ထပ်အိမ် ၂၇ ပေမြင့်ပါတယ်။ အကုန်လုံးကို မြုပ်သွားပါတယ်။ လူတောင် အလောတကြီးဖြစ်ပြီး ဖိနပ်တောင်မပါပါဘူး။ ပြေးလာခဲ့ရတယ်။ ရေထဲမှာ ဖိနပ်စီးလို့လည်း မရပါဘူး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ပြေးလာခဲ့ရပါတယ်။ ဒီလိုဖြစ်တဲ့ကိစ္စအကြောင်းအရင်းက ဒေသအာဏာပိုင်အဖွဲ့အစည်းအားလုံးရဲ့ ကြိုတင်သတိပေးမှု အားနည်းချက်တွေပါ။ ဥပမာ ၂၄ နာရီအတွင်းမှာ ဆည်ရေတက်မယ်၊ ထွက်သွားကြပါ၊ လာကြပါဆိုရင်၊ ပြောင်းကြပါ၊ ရွှေ့ကြပါ၊ အဲဒီလိုလုပ်မယ်ဆိုရင်၊ ကြေညာပေးမယ်ဆိုရင် ကျွန်တော်တို့မှာ ဒုက္ခရောက်စရာမရှိပါဘူး။

ပြောင်းရွှေ့မယ့်ဒုက္ခလေးပဲရောက်မှာပါ။ အခုဟာကဘာမှမကြေညာတဲ့အခါကျတော့ ရေကကျနိုးနိုးနဲ့ ကောလာဟလတွေနဲ့ ရှင်သန်ကြီးထွားလာရတဲ့အတွက် ကျွန်တော်တို့မှာ အများကြီး ဒုက္ခရောက်ပါတယ်။ မိဘရဲ့အသက်တောင် အလောတကြီး သွားကယ်ရတဲ့အနေအထားဖြစ်ပါတယ်။ သူတို့ကဒီအိမ်ပေါ်မှာပဲနေမယ်၊ ဒီအိမ်ပေါ်မှာပဲသေမယ်ဆိုတဲ့ အနေအထားတွေဆိုတော့ ရေကတက်လာတော့ ကိုယ်လွတ်ရုန်းပြေးခဲ့ရပါတယ်။ ဆည်ရေရောက်လာတဲ့အခါမှာ စက်လှေတွေအလွယ်တကူမရတာ၊ လှေငှားလို့မရတာ ဒါတွေက အများကြီး ဒုက္ခရောက်ပါတယ်။



ဦးရဲထွဋ်
ပြန်ကြားရေး
ဝန်ကြီးဌာန
ပြည်ထောင်စု
ဝန်ကြီး။

**မီးမီး**
**အောင်မြင်သာရပ်ကွက်**

ကျွန်တော်က အောင်မြင်သာရပ်ကွက်မှာ နေပါတယ်။ အိမ်မှာရှိသမျှပစ္စည်း ဘာတစ်ခုမှမယူနိုင်ဘဲနဲ့ ပစ်ထားခဲ့ရပါတယ်။ လူလွတ်ပဲ ရုန်းခဲ့ရပါတယ်။ ဒီရေကြီးမှုအတွက်ကို ဘယ်ဌာနဆိုင်ရာကမှ လာပြီးကူညီကယ်ဆယ်တာလုံးဝမရှိပါဘူး။ သမ္မတတို့၊ ဝန်ကြီးတို့လာတဲ့အချိန်ကျမှသာ နှမ်းလာဖြူးကြတာပါ။

ဒီမှာ ကယ်ဆယ်ရေးလုံးဝမလုပ်သေးပါဘူး။ စောင့်ရှောက်မှုလည်း လုံးဝမရှိသေးပါဘူး။ ကိုယ့်အသက်ကို ရုန်းပြီးတော့ ပြေးခဲ့ရတာပါ။ သမ္မတကြီးတို့အနေနဲ့က ဒီဆည်ကြီးကို ဖျက်သိမ်းပေးဖို့ ကျွန်တော်တို့အနေနဲ့ တောင်းဆိုချင်တယ်။ ဒီဆည်ကြီးရှိနေလို့ အခုလို ဖြစ်ရတာပါ။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ရေမကြီးဖူးဘူး။

**လန်းဆန်း**
**ကွန်ပျူတာဒုတိယနှစ်**

ကျွန်တော်တို့ကျောင်းမှာ ရေတော်တော်တက်နေတာဆိုတော့ ကျောင်းမှာကျန်ခဲ့တဲ့သူက အယောက် ၂၀ ပါ။ ဆရာမကြီးရယ်၊ ဆရာမအပါအဝင်ပေါ့။ အခုစားနပ်ရိက္ခာပြတ်လပ်နေပြီဖြစ်တဲ့အတွက် အကူအညီပေးဖို့ လာပြောတာပါ။

ကျွန်တော်တို့ကတော့ မြို့ထဲမှာပါ၊ ကျောင်းမှာနေတဲ့ သူတွေအတွက်ပါ၊ ကျောင်းကလည်း ရေတော်တော်ရောက်နေပါပြီ။ ကျောင်းရဲ့ လှေကားထစ်ကိုရောက်နေပါပြီ။ စိုးရိမ်စရာအခြေအနေရှိလို့ပါ။ လက်ရှိကျောင်းလည်း ပိတ်ထားရပါတယ်။ ကျောင်းသွားလို့လည်း မရပါဘူး။ အဲဒီကိစ္စပါပဲ။ အမြန်ဆုံးအကူအညီပေးဖို့ ပြောချင်ပါတယ်။ ကျောင်းကလည်း ဘာအခြေအနေမှ မသိသေးပါဘူး။

**မနွဲ့နွဲ့ဝင်း**
**ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်**

လေသာကျောင်းနားလေးကပါ။ အဲဒီနားမှာ ကျွန်မတို့မိသားစုတွေ အကုန်လုံး မြုပ်ကုန်ပါပြီ။ မထင်မှတ်ဘဲနဲ့ ရောက်လာတဲ့ရေကြောင့် အားလုံးမြုပ်ပြီးတော့ ဘာတစ်ခုမှ မရကြပါဘူး။ ကယ်တော့ကယ်ပါတယ်။ ကယ်နိုင်တဲ့သူတွေကယ်တယ်။ မကယ်နိုင်တဲ့သူတွေ အများကြီး ကျန်ပြီး ဒီလိုပဲကိုယ့်ဘာသာလာခဲ့ကြရပါတယ်။

ဒီရောက်တဲ့အခါကျတော့ ဘုန်းကြီးကကြိုပြီးတော့ ဘုန်းကြီးကျောင်းတွေကိုပို့ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒီကိုလာပြီး အေးအေးချမ်းချမ်းတော့ နေရပါတယ်။ ဒါပေမယ့် ဒီကနေ ပြန်ရင် ဘယ်လိုလုပ်ပြီးဘာစားကြရမယ်ဆိုတာ ပြောလို့မရသေးပါဘူး။

**မပြုံးမေ**
**ချမ်းမြေ့အောင်၊ နယ်မြေ(၁၃)**

နယ်မြေ(၁၃)က အမြင့်ဆုံး ရေတစ်ခါမှမရောက်ပါဘူး။ လပြည့်နေ့ည ၁ နာရီမှာ ရေတွေရောက်လာလို့ အိမ်ကထွက်ပြေးခဲ့ကြတာပါ။ ဘာပစ္စည်းမှလည်း မရခဲ့ပါဘူး။ ကျွန်မက မုဆိုးမဘဝနဲ့ သားသမီးကိုးယောက်ရှိပါတယ်။ နေစရာလည်း မရှိတော့ပါဘူး။ စားစရာလည်းမရှိတော့ဘူး။ ဒီကပြန်ရင်အိမ်တောင်ရှိတော့မှာမဟုတ်ပါဘူး။

အိမ်လေးကလည်း သေးသေးလေးဆိုတော့၊ သားလေးတွေ မွေးထားတဲ့ကြက်တွေဆိုလည်း အကုန်လုံး ရေထဲပါသွားပါပြီ။ မွေးမြူရေးလုပ်ထားတာတွေမရှိတော့ဘူး။ ကျွန်မတို့မှာ ဘာမှအားကိုးစရာမရှိတော့ပါဘူး။ ဒါကြောင့် အဖေဖြစ်တဲ့ ဘဘဦးသိန်းစိန်က မပေးရင် ကျွန်မတို့မှာ နေစရာမရှိပါဘူး။ ကယ်ပေးဖို့ ကျွန်မက တင်ပြ တောင်းဆိုပါတယ်။ ကျွန်မတို့တင် မဟုတ်ပါဘူး။ ဒုက္ခရောက်တဲ့မိသားစုတွေအကုန်လုံးကို ကယ်ပေးဖို့တောင်းဆိုတာပါ။

**ဦးရဲထွဋ်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး**

ကျွန်တော်တို့လာပြီးတော့ လေ့လာတာပါ။ သမ္မတကြီးလည်း ပြည်သူတွေကို ပြောတာရှိတယ်။ ပြည်သူတွေကလည်း သမ္မတကြီးကို တင်ပြတာရှိတယ်။ ကျွန်တော်တို့ကို ပြည်သူတွေက တင်ပြတာရှိတယ်။

ကျွန်တော်တို့သင်ခန်းစာတွေက ဘာရှိလဲဆိုတော့ တစ်ကတော့ ဒီလောက်ကြီးမားတဲ့ သဘာဝဘေးနဲ့ကြုံတဲ့အခါမှာ ကျွန်တော်တို့ရဲ့တုံ့ပြန်နိုင်စွမ်းမှာ အများကြီး ကန့်သတ်ချက်တွေရှိတယ်။

နှစ်ကတော့ ကျွန်တော်တို့ရဲ့ သတိပေးချက်တွေ၊ ကြိုတင်သတိပေးချက်တွေဟာ ပြည်သူတွေဆီကို ကျယ်ကျယ်ပြန့်ပြန့် မရောက်တဲ့အတွက်ကြောင့် ပြည်သူတွေရွှေ့ပြောင်းတဲ့နေရာမှာ အခက်အခဲတွေဖြစ်သလို ကောလာဟလတွေလည်း နည်းနည်းပိုပြီးတော့ ကျယ်ပြန့်သွားတာ တွေ့ရပါတယ်။

သုံးကတော့ ကျွန်တော်တို့မှာ အကူအညီတွေက အကန့်အသတ်ရှိတဲ့အချိန်မှာ တချို့တွေရဲ့ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံလိုအပ်မှုတွေ၊ အားနည်းမှုတွေကြောင့် ပြည်သူတွေကြားမှာကယ်ဆယ်ရေးလုပ်ငန်းတွေအပေါ်မှာ အထင်မြင်လွဲမှားမှုတွေလည်းရှိနေတယ်။

နောက်တစ်ခုက လုပ်ငန်းဆောင်ရွက်မှုလုပ်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု အားနည်းနေတာတွေရှိတယ်။ ဥပမာဆိုပါစို့ ရာဇဗြိုလ်ဆည်ကို ဆောက်တဲ့အခါမှာ ဆောက်တာကိုက ကလေးလွင်ပြင်မှာ နေရဥ္စရာမြစ်နဲ့ မြစ်သာမြစ်တွေရေကြီးတဲ့အပေါ်မှာ ကာကွယ်ဖို့အတွက် ဆောက်ခဲ့တာ ဖြစ်ပါတယ်။

ဆည်နဲ့ပတ်သက်လို့ ပြည်သူတွေကို သေသေချာချာအသိပေးနိုင်တာ မရှိတဲ့အတွက် ပြည်သူတွေက ဒီဆည်ကြီးကြောင့် ရေကြီးတာလို့ အထင်အမြင်လွဲမှားမှုတွေရှိနေတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံးမှာ သင်ခန်းစာရတာကတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ထိရောက်အောင်ဆောင်ရွက်ဖို့လိုသလို ကျွန်တော်တို့ ဆောင်ရွက်တဲ့ လုပ်ငန်းတွေရဲ့ လုပ်ဆောင်ပေးနိုင်တဲ့ အခြေအနေတွေ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ကန့်သတ်ချက်၊ နောက်တစ်ခါသဘာဝဘေးနဲ့ ပတ်သက်လို့ ပြင်ဆင်ဆောင်ရွက်ဖို့ လိုအပ်တဲ့ အချက်တွေကို ပြည်သူတွေကို ဒီထက်ပိုပြီးတော့မှအသိပေးဖို့ လိုအပ်တယ်ဆိုတာကို နားလည်တာပေါ့။

ဒါကတော့ ပထမဆုံးကယ်ဆယ်ရေးနဲ့ပတ်သက်လို့ ရတဲ့သင်ခန်းစာပါ။ နောက်တစ်ခုက ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်ရင် သမ္မတကြီးက ယေဘုယျ မူချထားတာကတော့ ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါမှာ တစ်ကတော့ လာမယ့်ခြောက်လစာလောက်အထိ စားနပ်ရိက္ခာတွေကို စားသုံးနိုင်ဖို့အတွက် နိုင်ငံတော်က လိုအပ်သလို ကူညီထောက်ပံ့ပေးဖို့။

နောက်တစ်ခါ အိမ်ရာတွေ ပြန်လည်ဆောက်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ မတည် ထောက်ပံ့မှုတွေ လုပ်ဖို့။ သုံးကတော့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ။ နောက်တစ်ခါ စိုက်ပျိုးရေးလုပ်ငန်းမျိုးတွေ။

မိမိတို့လုပ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ဖို့အတွက် လိုအပ်တဲ့ ထွန်ယက်ကိရိယာတွေ၊ နောက်တစ်ခါ မျိုးစပါးလိုအရာမျိုးတွေပေးဖို့ ဒါတွေလည်း ကျွန်တော်တို့စီမံတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အဓိက က ဘာသွားတွေ့ရသလဲဆိုတော့ ပြည်သူတွေအနေနဲ့က သမ္မတကြီးနဲ့ နိုင်ငံတော်အစိုးရက လုပ်ပေးမယ့်အရာတွေကို သူတို့ ယုံကြည်တယ်။

ဒါပေမယ့် သူတို့မှာ ဘာသံသယဖြစ်နေလဲဆိုတော့ အဲဒီအကူအညီတွေဟာ သူတို့ တကယ်အကူအညီလိုအပ်တဲ့သူတွေ လက်ထဲရောက်ပါ့မလားဆိုတဲ့ စိုးရိမ်မှုတွေရှိနေတယ်။ ဒါကိုလည်း ကျွန်တော်တို့ မှတ်သားသွားရမယ်။ ပြီးရင် ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းတွေဟာ ပြည်သူတွေလက်ထဲကို တကယ်ထိရောက်အောင်လုပ်ဖို့အတွက် လိုအပ်တဲ့အချက်တွေ ပြုပြင်ဆောင်ရွက်သွားမှာပါ။ ဒါကတော့ ကျွန်တော်တို့ ခရီးစဉ်မှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ ပြည်သူတွေဆီက ရခဲ့တဲ့ သင်ခန်းစာလေးပါပဲ။

**(သတင်းအဖွဲ့)**

## ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုများကြောင့် တယ်လီဖုန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရာ ပြုပြင်လျက်ရှိ

**ကလေး ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဥ္စရာ ချောင်းများ ရေကြီးရေလျှံဖြစ်ပွားမှုနှင့်အတူ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များတွင် ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ကလေးမြို့တွင် ကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်ပြီး အိမ်ထောင်စု ၁၅၄၅ စုမှ လူဦးရေ ၇၇၀၈ ဦးကိုလည်းကောင်း၊ ကလေးဝမြို့တွင် ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ပြီး အိမ်ထောင်စု ၂၀၁ စုမှ လူဦးရေ ၈၂၇ ဦးကိုလည်းကောင်း၊ မင်းကင်းမြို့တွင် ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၄၄ စုမှ လူဦးရေ ၂၁၀ ကိုလည်းကောင်း ရွှေ့ပြောင်းထားရှိပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများကြောင့် သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုမှာ ကလေးမြို့နယ်တွင် ၂၉၆၂၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၀၉၅ ဧကဖြစ်ပြီး တံတားမျိုးစုံ ခုနစ်စင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ကလေးမြို့နယ်ရှိ မီးရထားလမ်းပိုင်းတွင် တံတားနှစ်စင်းနှင့် ရထားလမ်းအရှည် တစ်မိုင်ခန့် ရေကျော်ပျက်စီးခဲ့ပြီး ရေလွှဲဆည်ငါးခုတွင်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ကလေးမြို့ရှိ GSM+CDMA-450 စခန်းမှာ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခန့်တွင် ရေဝင်နစ်မြုပ်ပြီး GSM ရေဒီယိုနှင့် CDMA-450 စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးကာ ဆက်သွယ်မှုပြတ်တောက်ခြင်း၊ ကလေးအော်တိုအိတ်ချိန်းမှ မြေအောက်ကေဘယ်လ် DC4 Cavinet ရေနစ်မြုပ်ပြီး တယ်လီဖုန်းလိုင်း ၂၄၅ လိုင်း ဆက်သွယ်မှုပြတ်တောက်ခြင်း၊ ကလေးမြို့နယ် ထိုမာကျေးရွာနှင့် နတ်ချောင်းကျေးရွာရှိ GSM စခန်းများသို့ သွယ်တန်းပေးပို့ထားသည့် Fiber Cable တိုင်များ ရေနစ်မြုပ်လဲကျမှုကြောင့် ဆက်သွယ်မှုပြတ်တောက်ပြီး ထိုမာကျေးရွာနှင့် နတ်ချောင်းကျေးရွာရှိ GSM စခန်းများ ဆက်သွယ်မှုပြတ်တောက်ခြင်း၊ ကလေးမြို့မှ ကလေးဝမြို့သို့ သွယ်တန်းထားသည့် Fiber Optic Cable မြစ်ရေဖြင့် မျောပါပျက်စီးပြီး ကလေးဝမြို့၏ GSM+CDMA-450 နှင့် အော်တိုတယ်လီဖုန်းလိုင်းများ ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီခန့်တွင် ဆက်သွယ်မှုပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့အတူ သီရိဥတ္တမတောင် မိုက္ကရိုဝေ့ဖ်စခန်းနှင့် ပွိုင့် ၃၀၆၉ လက်ဆေးကန် မိုက္ကရိုဝေ့ဖ်စခန်းတို့ ဆက်သွယ်ထားသည့် စလောင်းမှာ ဇူလိုင် ၂၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ရွေ့သွားခဲ့ရာ ပွိုင့် ၃၀၆၉ မိုက္ကရိုဝေ့ဖ်စခန်းမှ ချိတ်ဆက်ထားသော မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးနှင့် တမူးမြို့များရှိ GSM စခန်းများ၊ အော်တိုအိတ်ချိန်းစခန်းများနှင့် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့သည်။

ကလေးမြို့နယ်တွင် GSM စခန်း ၁၂ ခု၊ လိုင်းအင်အား ၃၃၀၀၀ တွင် စခန်းလေးခုပျက်စီးခဲ့ပြီး CDMA-450 စခန်းနှစ်ခု၊ လိုင်းအင်အား ၆၀၀၀ တွင် စခန်းတစ်ခုနှင့် CDMA-800 စခန်းသုံးခု၊ လိုင်းအင်အား ၉၀၀၀ တွင် စခန်းတစ်ခုပျက်စီးခဲ့ကြောင်း၊ အော်တိုအိတ်ချိန်းနှစ်ခု၊ လိုင်းအင်အား ၂၁၈၉ လိုင်းတွင် DC4 Cavinet တစ်ခုနှင့် ၂၇၅ လိုင်းပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ရေကျဆင်းချိန်တွင် ကျွမ်းကျင်ဝန်ထမ်းများ ခေါ်ယူပြီး ပြန်လည်ပြုပြင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ဩဂုတ် ၁ ရက်နှင့် ၂ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးမှုများနှင့် တွေ့ဆုံအားပေးမှုမှတ်တမ်း။















❖ ကျောဖုံးမှ

ထိုမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေဝင်နစ်မြုပ်မှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့ ဖျက်အားပြင်းလှသည့် သဘာဝဘေးများကို ပြည်သူများသိရှိရန် ထူးခြားသည့် မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့ကြောင့် ယခုလအတွက် မိုးလေဝသအခြေအနေများကို ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ သတင်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီအဖွဲ့ဝင် ဒေါက်တာ ဟာရင်နိုင်တီယမ်းအား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။အခုပြီးခဲ့တဲ့ နှစ်လအတွင်း မိုးဆက်တိုက်ရွာခဲ့တာကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားမှာရေကြီးမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ အခုလမှာ ဖြစ်ပေါ်လာနိုင်တဲ့ မိုးလေဝသအခြေအနေတွေကိုလည်း ကြိုတင်ခန့်မှန်းပေးစေလိုပါတယ်။**

ဖြေ။ ။ဩဂုတ်လအတွင်းမှာလည်း ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပါတယ်။ တစ်ကြိမ်မှာတော့ ပိုမိုအားကောင်းလာပြီးမုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်ပါတယ်။ ဒါ့အပြင် မုတ်သုံလေကလည်း အားအသင့်အတင့်ကနေအားကောင်းမှု ဖြစ်နိုင်တာကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ရွာသွန်းမြဲထက် ပိုမယ်လို့ ခန့်မှန်းထားပါတယ်။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရွာသွန်းမြဲလောက်တော့ ရွာမယ်လို့ ခန့်မှန်းထားပါတယ်။

**မေး။ ။မြစ်ရေကြီးနိုင်မှုရှိတယ်ဆိုရင်လည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။မြစ်ရေကြီးမှု အနေနဲ့က ချင်းတွင်းမြစ်တစ်လျှောက်နဲ့ ဧရာဝတီမြစ်မှာ အလယ်ပိုင်းနဲ့ အောက်ပိုင်း၊ ဒုဋ္ဌဝတီမြစ်အောက်ပိုင်း၊ ပဲခူးမြစ်၊ ငဝန်မြစ်တို့မှာ စိုးရိမ်ရေမှတ်အထက် တစ်ကြိမ် ရေမြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေကတော့ နှစ်ကြိမ် မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

**မေး။ ။ဇူလိုင်လအတွင်းက ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တာဟာ ဘယ်လိုမိုးလေဝသ အခြေအနေတွေကြောင့် ဆိုတာကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ပြီးခဲ့တဲ့လမှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများမှာမိုးကြီးတာတွေဖြစ်ခဲ့တယ်။ မိုးကြီးတဲ့အတွက် ရေကြီးရေလျှံတာတွေလည်း ဖြစ်ခဲ့ရတယ်။ ဒါ့အပြင် ဇူလိုင် ၂၆ ရက်က ဘင်္ဂလား ပင်လယ်အော် အရှေ့မြောက်ပိုင်းမှာ မုန်တိုင်းငယ် ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီမုန်တိုင်းဟာ အားကောင်းလာပြီး အပူပိုင်းမုန်တိုင်း ကိုမန်အဖြစ် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းအနီးကနေ ဖြတ်သန်းသွားပါတယ်။ ဒီမုန်တိုင်းဟာ ရွေ့လျားမှုနှေးကွေးပြီး ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းမှာ လေးရက်ကြာ ရစ်ခွေနေတဲ့အတွက် မုန်တိုင်းဗဟိုရဲ့ ညာဘက်ခြမ်းမှာ ကျရောက်နေတဲ့ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဟာ အကျိုးဆက်အဖြစ် လေကြီးမိုးကြီးကို အလွန်ခံစားခဲ့ရပါတယ်။



ဒေါက်တာ ဟာရင်နိုင်တီယမ်း။

ဇူလိုင်လ မိုးလေဝသဖြစ်စဉ်ကတော့ ဇူလိုင်လလယ်လောက်မှာ မုတ်သုံလေ အားကောင်းရာကနေ အားအလွန်ကောင်းလာတာ ဖြစ်တယ်။ အိန္ဒိယနိုင်ငံဘက်ကသွယ်တန်းလာတဲ့ လေဖိအားနည်းမြောင်တန်းက မြန်မာပြည် အနောက်မြောက်ပိုင်းကနေ အလယ်ပိုင်းကို တိုးဝင်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာမှာလည်း တိုင်ဖွန်းမုန်တိုင်းတွေ သုံးလုံးလောက်ဖြစ်တာ တွေ့ရပါတယ်။ ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်တဲ့ တိုင်ဖွန်းမုန်တိုင်းတွေကတော့ ဖြတ်သန်းတဲ့ လမ်းကြောင်းပေါ် မူတည်ပြီးတော့ မြန်မာပြည်မှာ ဖြစ်ပေါ်တဲ့ မိုးလေဝသအခြေအနေကို လာပြီးသက်ရောက်မှု ဖြစ်စေပါတယ်။

အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်ပြီး တောင်တရုတ်ပင်လယ်ကို ရောက်လာတယ်။ ဗီယက်နမ်မြောက်ပိုင်း ကမ်းခြေတွေကို ဖြတ်လာတဲ့ မုန်တိုင်း အကြွင်းအကျန်တွေကတော့ မြန်မာနိုင်ငံကို အကျိုးသက်ရောက်စေပါတယ်။ ဒါပေမယ့် အခုဖြစ်ပေါ်တဲ့ သုံးခုကတော့ ဗီယက်နမ်ကမ်းခြေကို မကျော်ဘူး။ တရုတ်နိုင်ငံတောင်ပိုင်းနဲ့ ဂျပန်နိုင်ငံဘက်ကို ပြန်ကွေ့သွားတာ တွေ့ရပါတယ်။ တွေ့ကြုံရတဲ့ မိုးလေဝသ အခြေအနေကတော့ မုတ်သုံလေ အားကောင်းရာကနေ အားအလွန်ကောင်းခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်းတို့ကြောင့်ပဲဖြစ်ပါတယ်။

**မေး။ ။ဒီနှစ်မိုးရေချိန်က ပြီးခဲ့တဲ့နှစ် အလားတူလ မိုးရေချိန်ထက်စံချိန်ချိုးတယ်လို့လည်း သိရပါတယ်။ ဘယ်လောက် ကွာခြားသွားလဲသိချင်ပါတယ်။**

ဖြေ။ ။မနှစ်က ဇူလိုင်လမှာတော့ မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးတွေမှာ ရွာသွန်းမြဲအောက်သာ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ဇူလိုင်လမှာတော့ စခန်းဖွင့်ခဲ့တဲ့ နှစ်ကာလအလိုက် ပြန်ယှဉ်ကြည့်ရင် အများဆုံးဖြစ်တဲ့အတွက် ဇူလိုင်လ ရွာသွန်းမြဲထက် ပိုပိုသာသာကျော်ခဲ့ပါတယ်။ ဒီလမှာ စခန်းရှစ်နေရာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လေးခုမှာ စံချိန်တင်မိုးရရှိခဲ့တာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကန့်ဘလူမြို့မှာ ဇူလိုင် ၁၆ ရက်ကနေ ၁၉ ရက်အထိ လေးရက်အတွင်း ရွာသွန်းခဲ့တဲ့ မိုးရေချိန်၁၈ လက်မဟာ ဆိုရင် တစ်နှစ်လုံး မိုးရေချိန်ရဲ့ သုံးပုံတစ်ပုံလောက်ရှိတာကို တွေ့ရပါတယ်။ ကိုမန် မုန်တိုင်းကြောင့် ဇူလိုင် ၂၅ ရက်ကနေ ဇူလိုင် ၃၁ ရက်အထိ ခုနစ်ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ ရွာသွန်းတဲ့ မိုးရေချိန်ဟာ ဇူလိုင်လတစ်လလုံး ရွာရမယ့် မိုးရေချိန်ထက်သာလွန်ပြီး ရွာသွားတာကို တွေ့ရပါတယ်။

**မေး။ ။အခုဒီလပိုင်းတွေအတွင်းမိုးရွာတာဆက်တိုက်ကို ဖြစ်နေတော့ ဒါဟာ ရာသီဥတုဖောက်ပြန်တယ်လို့ရော ပြောလို့ရနိုင်ပါသလား။ ဘယ်လိုအကြောင်းတွေကြောင့် ဒီလိုမျိုး ဖြစ်သွားရတာလဲ။**

ဖြေ။ ။မိုးကောင်းတာကတော့ မုတ်သုံလေအားကောင်းတာကြောင့်နဲ့ အားအလွန်ကောင်းတာကြောင့် ဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်နဲ့ ပစိဖိတ် သမုဒ္ဒရာဘက်မှာလည်း တိုင်ဖွန်းမုန်တိုင်း ဖြစ်ပေါ်တယ်။ အိန္ဒိယနဲ့ ဗီယက်နမ်ကုန်းမြေပေါ်မှာလည်း လေဖိအားနည်းရပ်ဝန်းတွေ ဖြစ်ပေါ်နေတယ်။ အဲဒီလိုအခြေအနေတွေကြောင့်လည်း မိုးကောင်းစေခဲ့တာ ဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် မုတ်သုံမိုးက မှန်မှန်ရွာရမှာပါ။ အခုရွာတဲ့အခါ အချိန်တိုအတွင်း မိုးရေချိန်လက်မများအောင် အင်အားပြင်းပြင်းနဲ့ရွာလို့ တကယ်ကို အန္တရာယ်ဖြစ်စေတာဖြစ်ပါတယ်။ လျှပ်တစ်ပြက်ရေကြီးမှုတွေ ဖြစ်ပေါ်စေနိုင်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းတဲ့ဒေသတွေမှာ တစ်လလုံးရွာရမယ့် မိုးရေချိန်ကို လေးငါးရက်လောက်နဲ့ ရွာချလိုက်တော့ ရေကြီးရေလျှံမှုဖြစ်ပေါ်စေတာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးဆက် ရာသီဥတုဖောက်ပြန်မှုလို့လည်း ပြောလို့ရပါတယ်။

**မေး။ ။ရာသီဥတုအခြေအနေတွေနဲ့ ပတ်သက်ပြီး ပြည်သူကိုသတင်းအမှန်ပေးနိုင်ဖို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုအပြင် နော်ဝေနိုင်ငံအစိုးရ၊ ဂျပန်နိုင်ငံအစိုးရတို့ကလည်း ပံ့ပိုးပေးပါတယ်။ နော်ဝေမိုးလေဝသဌာန၊ ထိုင်းနိုင်ငံ ဘန်ကောက်မှာရှိတဲ့ (Asian Disaster Preparedress Center-ADPC) အပြင် UNESCAP ကလည်း RIMES လို့ခေါ်တဲ့ Regional Integrated Multi-Hazard Early Warning System ဘန်ကောက် အခြေစိုက်အဖွဲ့နဲ့ ပူးပေါင်းပြီးတော့လည်း မိုးလေဝသ ခန့်မှန်းချက်တွေကို တိုးတက်အောင် နည်းပညာပံ့ပိုးမှုတွေ ပေးပါတယ်။ နော်ဝေမှာ သင်တန်းတွေလည်းခေါ်ပြီး ပေးပါတယ်။ တစ်နှစ်မှာလေးကြိမ်လောက် သင်တန်းပေးပါတယ်။ သူတို့ကိုယ်တိုင်လည်း တစ်နှစ်မှာ နှစ်ကြိမ်လောက်လာတယ်။ အချင်းချင်း ဆွေးနွေးတယ်။ ပညာတွေဖလှယ်ကြတယ်။ သူတို့ဆီကခေတ်မီတဲ့နည်းသစ်တွေကိုလည်းပေးပါတယ်။ နေ့စဉ် မိုးလေဝသခန့်မှန်းချက်တွေကိုလည်း ထုတ်ပြန်ပေးပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွင့်ထားတဲ့ မိုးလေဝသစခန်းတွေက တိုင်းတာချက်တွေကိုလည်း ယူပါတယ်။ အိန္ဒိယနဲ့ ထိုင်းနိုင်ငံတို့က (GTS ) က ပေးပို့တဲ့ ကမ္ဘာ့အရပ်ရပ်က မိုးလေဝသအချက်အလက်တွေကိုလည်း အသုံးပြုပါတယ်။ နော်ဝေအစိုးရအထောက်အပံ့နဲ့ရတဲ့ Diana Model၊ WRF Model တို့ စတဲ့ စနစ်တွေကို ကျွန်မတို့ကိုယ်တိုင်လည်းသုံးပြီး ထုတ်ပြန်ချက်ကို ထုတ်ပြန်ပေးပါတယ်။ မိုးကြီးမယ့် သတိပေးချက်တွေကိုလည်း ကြိုတင်ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။မိုးလေဝသ ထုတ်ပြန်ချက်တွေကို ပြည်သူကိုသိရှိအောင် ဘယ်လိုတွေ ထုတ်ပြန်ပေးနေတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ။ နေ့စဉ် ခန့်မှန်းချက်တွေကို ပြည်သူတွေကို အသိပေးတဲ့နေရာမှာ နေ့စဉ်သတင်းစာ၊ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနရဲ့ ဝက်ဆိုက်တို့မှာ ဖော်ပြပါတယ်။ ဂျာနယ်တွေမှာ ဆောင်းပါးများအနေနဲ့ ထုတ်ပြန်သလို လစဉ်လဆန်းရက် တိုင်းမှာ ဒီတစ်လမှာ ဖြစ်သွားတဲ့ မိုးလေဝသအခြေအနေ၊ နောက်လအတွက် ကြိုတင်ခန့်မှန်းချက်တွေကို ရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီတို့မှာ ထုတ်လွှင့်ပေးပါတယ်။ နေ့စဉ် မိုးလေဝသသတင်းတွေကိုလည်း ထုတ်လွှင့်ပေးပါတယ်။

သဘာဝဘေး ဖြစ်ပေါ်လို့ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်တဲ့အခါမှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ မိုး/ဇလရုံးကိုလည်း ဦးစားပေးပြီး ဖက်စ်နဲ့ပို့ပေးပါတယ်။ ဆက်လက်ပြီး ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လို့ရအောင် သူတို့ကတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ဆက်တင်ပြပါတယ်။ နောက်ပြီးသတင်းစာ၊ ရေဒီယိုတွေကနေလည်း ကြေညာပေးပါတယ်။

**မေး။ ။ ပြည်သူကိုဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံ အစိုးရရဲ့ အထောက်အပံ့နဲ့ JICA က တစ်ဆင့် အမေရိကန်ဒေါ်လာသန်း ၄၀ တန်ဖိုးရှိတဲ့ မိုးလေဝသရေဒါသုံးလုံးကို ပေးဖို့ရှိပါတယ်။ ကျောက်ဖြူမှာက တပ်ဆင်ပြီးသွားပါပြီ။ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ဆက်လက်တပ်ဆင်မှာဖြစ်ပါတယ်။ နောက်ပြီး မြန်မာပြည်အနှံ့မှာ (Automatic Weather Observation System – AWOS) အလိုအလျောက် မိုးလေဝသတိုင်းတာရေးစက် အလုံး ၃၀ တပ်ဆင်မှာဖြစ်ပါတယ်။ အခုငါးလုံးတပ်ဆင်ပြီးသွားပါပြီ။ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်သွားမယ့် လုပ်ငန်းဖြစ်ပါတယ်။ ဒါတွေကိုအသုံးပြုဖို့ ဂျပန်ကလည်း သင်တန်းတွေ ပေးမှာဖြစ်ပါတယ်။ အခုလိုအသုံးပြုခြင်းအားဖြင့် ပိုပြီးတိကျမှန်ကန်တဲ့ မိုးလေဝသသတင်းတွေ၊ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်ပေးနိုင်မှာဖြစ်တယ်။ ဒါကြောင့် ပြည်သူတွေကလည်းထုတ်ပြန်ပေးတဲ့ မိုးလေဝသသတင်းနဲ့ ကြိုတင်သတိပေးချက်တွေကို ဂရုတစိုက်နားထောင်ပေးပြီး ကြိုတင်ပြင်ဆင်ခြင်းအားဖြင့် ပြည်သူတွေအားလုံး သဘာဝဘေးအန္တရာယ်က ကင်းဝေးနိုင်ဖို့ ကျွန်မတို့က ဆန္ဒပြုပါတယ်။

မြစ်ရေကြီးမည့် အခြေအနေများနှင့် ပတ်သက်၍ ဧရာဝတီမြစ်ရေသည် ပခုက္ကူ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် နောက်သုံးရက်အတွင်း (၁ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းနှင့် အလားတူ ချင်းတွင်းမြစ်ရေသည်လည်း မော်လိုက်၊ ကလေးဝနှင့် မုံရွာမြို့တို့တွင် နောက်တစ်ရက်မှ သုံးရက်အတွင်း(၁ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

ထို့ပြင် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နောက်သုံးရက်အတွင်း(၁ ပေခန့်) ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်းနှင့် ရွှေကျင်မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း ထုတ်ပြန်ထားသလို သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နောက်သုံးရက်အတွင်း (၁ ပေခွဲခန့်) ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းနှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နောက်သုံးရက်အတွင်း (ပေဝက်ခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့ရဲ့ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်။ ။

■

# ကလေးမြို့ ယူနိုက်တက်စက်သုံးဆီဆိုင် မီးလောင်မှုဖြစ်ပွား

**ကလေး ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက် လေယာဉ်ပြေးလမ်းအရှေ့ဘက်ရှိ ယူနိုက်တက်စက်သုံးဆီဆိုင်တွင် ယနေ့ ညနေ ၄ နာရီခွဲခန့်က ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဓာတ်ဆီဆိုင်တစ်ခုလုံးအပါအဝင် သုခကမ္ဘာခန်းမနှင့် ယုန်စန္ဒာစားသောက်ဆိုင်များသို့ မီးများကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ကျန်ရှိနေသည့် မီးများကို ဆက်လက်ငြိမ်းသတ်လျက်ရှိသည်။

အဆိုပါမီးလောင်ရာသို့ မီးငြိမ်းသတ်ရန် မီးသတ်ကားသွားရာလမ်းတစ်လျှောက်နှင့် မီးလောင်ရာပတ်ဝန်းကျင်တွင် လာကြည့်သူများ၏ ဆိုင်ကယ်များကြောင့် မီးသတ်ကားသွားရာတွင် အခက်အခဲရှိကြောင်း “လမ်းကြောရှင်းလင်းပေးဖို့လိုပါတယ်။ ဒါမှ မီးသတ်ကားအလွယ်တကူ အချိန်မီ သွားရောက်ငြိမ်းသတ်နိုင်မှာဖြစ်ပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ကလေး(ခရိုင်ပြန်/ဆက်)**

■



ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဟားခါးမြို့ သဘာဝဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**နေပြည်တော် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ရောက်ရှိနေသော အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အနောက်မြောက်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မင်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာဝင်းမြင့်၊ ဦးသန့်ရှင်းတို့နှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ ရောက်ရှိပြီး ဟားခါးဒေသခံပြည်သူများနှင့်တွေ့ဆုံကာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အိမ်ထောင်စုဝင်များအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုရိပ်သာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအခြေအနေများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကာဆင်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွင်း ရှုန်းတောင်မှ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး တော်လှန်ရေးကန်အတွင်း ရွှံ့စေးရည်များ စီးဆင်းခြင်းကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သဖြင့် ယာယီခိုလှုံလျက်ရှိသည့် သဘာဝဘေးဒဏ်ခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အဖွဲ့ဝင်များသည် ဟားခါးမြို့ ပြည်တော်သာရပ်အတွင်းသဘာဝဘေးဒဏ်သင့်၍ နေအိမ်ပြိုကျပျက်စီးနေမှုများနှင့် မြေပြိုကျမှုများအား ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးမြို့မ သာသနာပြုစာသင်တိုက်၌ ကျောဘုတ်ဆရာတော် ဘဒ္ဒန္တပညောဘာသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။



မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်း တိုင်းဒေသကြီး တမူးမြို့ ယုဇနရိပ်သာသို့ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က တမူးခရိုင်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးမှုများနှင့် ကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကံကြီးဝတံတား ရေတိုက်စားမှုနှင့် ရေထိန်းနံရံပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးသည်။

တမူးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ချောင်းရေတိုက်စားမှုကြောင့် တမူး-ကလေးလမ်းပေါ်ရှိ တံတားခြောက်စင်း၊ တမူး-စေတီ လမ်းပေါ်ရှိ တံတားခြောက်စင်း စုစုပေါင်းတံတား ၁၂ စင်းပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၉၁၀ လူဦးရေ ၅၂၂၅ ဦး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးခဲ့သည့်တံတားများ ပြန်လည်ပြုပြင်ရေးနှင့် ရေဘေးသင့်ပြည်သူများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အဖွဲ့သည် ရာဇဂြိုဟ် ရေလှောင်တမံသို့ရောက်ရှိပြီး ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှုအားကြည့်ရှုပြီး တမံရှုရပ်မှ ဆည်အတွင်းသို့ရေဝင်ရောက်မှုအား ကြည့်ရှုပြီး ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမော်မော်နိုင်၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယသမ္မတက တမံကြံ့ခိုင်မှုဆိုင်ရာများကို လမ်းညွှန်မှာကြားသည်။

**(သတင်းစဉ်)**

# မြစ်ရေကြီးမှု အခြေအနေများ

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၄ စင်တီမီတာ (နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ဩဂုတ် ၁ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၇ စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၀ စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက် အတွင်း (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခွဲခန့်) ဆက်လက်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက်နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇၉ စင်တီမီတာ (နှစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခွဲခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ဩဂုတ် ၁ ရက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၂ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက် အတွင်း (တစ်ပေခွဲခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၂၈ စင်တီမီတာ (လေးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း (တစ်ပေခန့်) ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၃၀ စင်တီမီတာ (၁၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၂၄ စင်တီမီတာ (လေးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခန့်) ဆက်လက်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းတာရရှိသော ၁၁၂၄ စင်တီမီတာ သည် (၁၉၆၆-၂၀၁၅) နှစ်ပေါင်း ၅၀ အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ချင်းတွင်းမြစ်ရေ (မုံရွာမြို့)၏ ယခင်အမြင့်ဆုံးရေမှတ်မှာ ၂၀-၈-၂၀၀၂ ရက်နေ့တွင် တိုင်းတာရရှိမှု ၁၀၉၉ စင်တီမီတာဖြစ်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၂၀စင်တီမီတာ (၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည် ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၂ စင်တီမီတာ (၂ ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက် အတွင်း ၁ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၇၂ စင်တီမီတာ(၂ ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရ သည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**●ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တောင်ဖီလာတောရကျောင်းတိုက် သဒ္ဓမ္မဂန္ဓီကျောင်းဆောင်၌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် တောင်ဖီလာတောရကျောင်းတိုက် သဒ္ဓမ္မဂန္ဓီကျောင်းဆောင်၌ ရေဘေးခိုလှုံသီတင်းသုံးတော်မူလျက်ရှိနေကြသည့် ဆရာတော်၊သံဃာတော်တို့အတွက် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ကလေး)ရှိ အောင်ဇေယျရိပ်သာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူသားချင်း စာနာထောက်ထားမှု၊ မိမိနိုင်ငံသားများအပေါ် စာနာကူညီစောင့်ရှောက်မှု၊ တာဝန်ကျေပွန်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုကြောင်း၊ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများ၏ နေ့စဉ်လိုအပ်ချက်များကို အသေးစိတ်စဉ်းစားဖြည့်ဆည်းပေးရန်လိုကြောင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် စဉ်းစားလျှင် လိုအပ်ချက်များကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ တိကျမှန်ကန်ရန် လိုအပ်ကြောင်း၊ ရေဘေးဒုက္ခသည်များ ပျက်စီးပျောက်ဆုံးသွားသည့် မှတ်ပုံတင်နှင့် အခြားအရေးကြီးအထောက်အထားများကို အမြန်ဆုံး ပြန်လည်ထုတ်ပေးရန်လိုအပ်ကြောင်း၊ ကူညီထောက်ပံ့ပေးသည့်ပစ္စည်းများ အမှန်တကယ်လိုအပ်သူများလက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ နေရပ်ပြန် ပြည်သူများအတွက် စားနပ်ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲ၁၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ကူညီထောက်ပံ့မှု၊ ကာကွယ်စောင့်ရှောက်မှုများ စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်ကြောင့် မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ပျက်စီးဆုံးရှုံးမှုအခြေအနေများကို စာရင်းကောက်ယူပြီး အရေးပေါ်ကယ်ဆယ်ရေး၊ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေကြီးနစ်မြုပ်ပြီး ဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ငါးမွေးမြူရေးကန်နှင့် လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား ငါးမွေးကန်များမှ ငါးများဆုံးရှုံးမှုမရှိစေရေး၊ တာပေါင်များ ကျိုးပေါက်မှုမရှိစေရေး၊ တာပေါင်များမြှင့်တင်ခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ သဲအိတ်များဖို့ခြင်း၊ ငါးမွေးကန်များမှ ရေလျှံပြီး ငါးများလွတ်ထွက်မှုမရှိစေရန် ပိုက်စိပ်များဖြင့် ကြိုတင်ကာရံခြင်း၊ အစာဂိုဒေါင်များ ပျက်စီးမှု မရှိစေရန် ကြိုတင်ပြင်ဆင်ရန် နှိုးဆော်လျက်ရှိသည်။

တိရစ္ဆာန်များ ကာကွယ်ကုသရန် တိုင်းဒေသကြီး/ပြည်နယ်များသို့ နယ်လုပ်ငန်းသုံး အားဆေးအမျိုး ၃၀၊ ကုသဆေးကိုးမျိုး၊ ဓာတုပစ္စည်း ၁၄ မျိုး ဖြန့်ဝေထားပြီး ကျွဲနွားလည်ချောင်းကွဲရောဂါကာကွယ်ဆေး ၈၈၁၉၅၅ အဆ၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး ၅၈၅၆၁၀ အဆ၊ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး ၄၅၃၁၀၀ အဆ၊ အပူဒဏ်ခံ ကြက်လည်လိမ်ရောဂါကာကွယ်ဆေး ၂၅၆၈၀၈၀ အဆတို့အား ဖြန့်ဝေထားပြီးဖြစ်သည်။

သဘာဝဘေးအန္တရာယ်ခံရသည့် ရေဘေးသင့် ဒေသများသို့ ကူညီထောက်ပံ့ရေး ဆောင်ရွက်ထားရှိမှု စုစုပေါင်းမှာ ဆန်အိတ် ၂၆၁၉ အိတ်၊ ဆီ ၂၀၃၉ ပိဿာ၊ ငါးခြောက် ပိဿာ ၃၃၀၊ ခေါက်ဆွဲ ၃၉၉၇ ဖာ၊ ရေသန့် ၂၈၃၁ဘူး၊ ဆား ၂၂၇၆ ပိဿာ၊ ပဲ ၅၂၆ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၁၅၀၀၊ငရုတ်သီးခြောက် ၉၉ ပိဿာ၊ ကြက်ဥ/ဘဲဥ ၈၀၀၀၊ ကြက်အူချောင်း ပိဿာ ၁၀၀၊ တိရစ္ဆာန်အစာ ၈ ဒသမ ၅ တန်၊ မွေးမြူရေးဆေးဝါး ၃၄ မျိုး၊ အိမ်သုံးဆိုလာ အစုံ ၅၀၀၊ အဝတ်အထည်များ စသည့် လူသုံးကုန်ပစ္စည်း စုစုပေါင်းတန်ဖိုးကျပ် ၁၈၂၄ ဒသမ ၁၃၈ သိန်းခန့်ဖြစ်ပြီး ယူနီဆက်နှင့် ပူးပေါင်း၍လည်း Bleaching Powder (50)kg ပါ ဒရမ် ၂၀ နှင့် ရေသန့်ဆေးပြား ၄၅၀၀၀ အား ထောက်ပံ့ပေးပြီးဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထပ်ဆင့်ဖြစ်ပေါ်နိုင်သော အခြေအနေများအပေါ် ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုအနေဖြင့် ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် တိရစ္ဆာန် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ တိရစ္ဆာန်များထားရှိရန် နေရာနှင့် တိရစ္ဆာန်အစာရရှိရေး အခက်အခဲရှိခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ မကျန်းမာသည့် တိရစ္ဆာန်များအား ကုသပေးခြင်း၊ သေဆုံးတိရစ္ဆာန်များအား စနစ်တကျမြေမြှုပ်ခြင်း၊ တိရစ္ဆာန်ကပ်ရောဂါများ ကျရောက်နိုင်မှုရှိ/မရှိ စောင့်ကြည့်ခြင်းနှင့် တိရစ္ဆာန်အစာများဖြန့်ဖြူးပေးခြင်းများကို ခရိုင်အလိုက် Task Force များ ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရေနစ်မြုပ်ဒေသများရှိ ကျွဲနွားကောင်ရေ ၂၄၆၀၀ နှင့် ဝက် ၉၅၉ ကောင်အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ကျွဲနွား ၂၃၁ ကောင်၊ ဝက် ၅၀၁ ကောင်နှင့် ဆိတ်လေးကောင်တို့အား ကုသပေးခဲ့သည်။

ရေဘေးအန္တရာယ် ကျရောက်နေသောဒေသများတွင် ရေလွှမ်းမှုမှတစ်ဆင့် ဖြစ်ပေါ်နိုင်သည့် သန့်ရှင်းရေးပြဿနာများ၊ သောက်သုံးရေပြတ်လပ်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ငါးမွေးကန်များတွင် ငါးသားပေါက်များနှင့် အစာလိုအပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ငါးကန်များအတွင်းသို့ ငါးသားပေါက်များ အမြန်ဆုံးထည့်သွင်းနိုင်ရန်၊ အစာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် လမ်း၊တံတားများ အမြန်ဆုံးပြုပြင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ခံရသော ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေမှာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် ဆုံးရှုံးခဲ့သော တိရစ္ဆာန်များဖြည့်တင်းခြင်း၊ ကုသပေးခြင်း၊ တိရစ္ဆာန်များဖြန့်ဖြူးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများအား Task Force များဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ သဘာဝဘေးနိုင်ငံတော်ထောက်ပံ့ငွေနှင့် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေတို့မှ လျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း။

လိုအပ်ပါက အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်ရောဂါကာကွယ်ရေးအဖွဲ့ချုပ်(OIE)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၊ ကမ္ဘာ့တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WPA)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) စသည့် ပြည်ပအဖွဲ့အစည်းများ၏ အကူအညီ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ သဘာဝဘေးသင့်ဒေသများတွင် ရေလုပ်ငန်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်ကြီးကြပ်ရေးအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးချက်များအရ လိုင်စင်ရှိ ငါးမွေးကန်များအတွက် ငါးသားပေါက်များ၊ ထောက်ပံ့ချေးငွေများရရှိရေး၊ ငါးအစာများရရှိရေးတို့အတွက် ကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် ရေနစ်မြုပ်ဆဲဒေသများတွင် ရေကျချိန်၌ ပျက်စီးမှုအခြေအနေများ ကွင်းဆင်းတိုင်းတာပြီး ရေဘေးသင့်ကျေးလက်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမည့် အစီအမံများရယူပြီး လမ်း၊ တံတား၊အိမ်ရာပျက်စီးမှုများ ပြန်လည်ပြင်ဆင်နိုင်ရေး၊ သောက်သုံးရေရရှိရေးတို့အတွက် လိုအပ်မည့်ရန်ပုံငွေများကို နိုင်ငံတော်သမ္မတ၏ သီးသန့် ရန်ပုံငွေမှ တောင်းခံအသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**○ ရခိုင်ပြည်နယ်မှ**

အဆိုပါ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်ကြည်း၊ ရေ၊ လေမိသားစုများမှ လှူဒါန်းသည့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများမှ ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များမှ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးပို့လျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

**✻ ကလေးမြို့မှ**

ကျွန်တော်တို့ရဟတ်ယာဉ်တွေနဲ့ ပို့ဆောင်ပေးနေပါတယ်။ ဒီနေ့မှာလည်း အစားအသောက်ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးတဲ့အခါမှာ ရာသီဥတုဆိုးရွားနေတဲ့အတွက် ကလေးရောက်ခါနီးမှာ မုံရွာလေဆိပ်ကို ပြန်လှည့်ခဲ့ရပါတယ်။ ရာသီဥတုကောင်းရင် ကောင်းသလို နေ့စဉ်အကြိမ်ကြိမ်ပစ္စည်းတွေကို ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအချိန်တွင် ကလေးမြို့ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်၍ နေရာချထားပေးပြီး အလှူရှင်များကလည်း လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁ ရက်တွင် ကမ္ဘောဇဘဏ်မှ ကလေးမြို့နယ်ရေဘေးကယ်ဆယ်ရေး ဘဏ္ဍာငွေ ရှာဖွေရေးအဖွဲ့အား ငွေကျပ်သိန်း ၁၀၀နှင့် ကလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များအား ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❒

**ဥတုရာသီ တောကိုမှီ၏**

ပြည်တွင်းရေးရာ

# ရေဘေးသင့်ကယ်ဆယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် ဝေဟင်ကြားမှ စွန့်လွှတ်စွန့်စား လေသူရဲများ

မိုးသားမည်းများနှင့်အတူ တစ်ချက်တစ်ချက် ရဟတ်ယာဉ်ကို ပင့်တင်လိုက်သလို ဖြစ်သွားသည့် လေပြင်းကြားတွင် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် သုံးတန်ခန့်ကို တင်ဆောင်ထားသည့် MI-17 ရဟတ်ယာဉ်ဖြင့် တစ်မြို့လုံးနီးပါး ရေမြုပ်နေသည့် လေဆိပ်သို့ချဉ်းကပ်ရန် စိတ်စောနေသူမှာ ရဟတ်ယာဉ်အုပ် လေသူရဲဗိုလ်မှူးကျော်မြတ်သူပင်ဖြစ်သည်။

လေယာဉ် ပြေးလမ်းမှလွဲ၍ တစ်မြို့လုံးနီးပါး ရေပြင်ဖြစ်နေသဖြင့် ဆင်းသက်နိုင်ရန် အားထုတ်လျက်ရှိသည့်နေရာမှာ လွန်ခဲ့သည့် သုံးရက်ခန့်မှစကာ ရေကြီးနစ်မြုပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် နွေရာသီတွင်အပူချိန်လွန်ကဲခြင်း၊ မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဆောင်းရာသီတွင် အအေးဓာတ်လွန်ကဲခြင်းတို့ကို ကြုံတွေ့နေကြရသည်။

ယခုနှစ်တွင် ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်လများအတွင်း စံချိန်တင်မိုးရွာသွန်းမှုများကြောင့် ရေကြီး ရေလျှံမှုများ မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဉ္စရာမြစ်ရေ မြင့်တက်လာပြီး ကလေးခရိုင်အတွင်း နှစ်ပေါင်း တစ်ရာကျော်အတွင်း မကြုံစဖူး ရေလွှမ်းမိုးမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။ ဇူလိုင် ၃၁ ရက် ညနေအထိ မြို့ပေါ်ရပ်ကွက် ခုနစ် ရပ်ကွက်၊ ကျေးရွာ ၂၅ ရွာသို့ ရေများဝင်ရောက်ခဲ့သည်။





ဗိုလ်မှူးကျော်မြတ်သူ

မိုးရွာသွန်းမှုကြောင့် ကလေးမြို့နယ်အတွင်းရှိတံတားအချို့မှာ ရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၂ ရက်အထိ ရေဘေးသင့်၍ ပြောင်းရွှေ့ပေးရသည့် အိမ်ထောင်စုပေါင်း ၁၅၄၅ စုနှင့် လူဦးရေ ၇၇၀၀ ကျော်ခန့် ရေဘေးခံစားနေရသည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးများ အချိန်မီရရှိရေးမှာအသက်တမျှ အရေးကြီးလှသည်။

"အခုလို ရေဘေးခံစားရတာတွေ တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ အဓိကက ကားလမ်းတွေ ပြတ်တောက်သွားတဲ့အတွက် လေကြောင်းလမ်းတစ်ခုပဲ အသုံးပြုလို့ရတဲ့ အနေအထားရှိပါတယ်"ဟု ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးနေရသူ လေယာဉ်မှူးတစ်ဦးက လေကြောင်းလမ်းတစ်ခုကိုသာ အားပြုနေရသည့်အပေါ် မှတ်ချက်ပြုသည်။

ထို့ကြောင့် ကလေးခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်အစီအစဉ်ဖြင့် အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများ ဖြစ်သည့် မော်တော်ဘုတ်များ၊ အသက်ကယ်အင်္ကျီများ၊ စကားပြောစက်များနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ ငါးသေတ္တာဘူး၊ ရေသန့်ဘူးများနှင့် အဝတ်အထည်မျိုးစုံ၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိနေသည်။

"ရေဘေးသင့်ပြည်သူတွေအတွက် ကျွန်တော်တို့ တပ်မတော်ရဟတ်ယာဉ်တွေနဲ့ အသက်ကယ်လှေ၊ အစားအသောက်နဲ့လိုအပ်တဲ့ အဝတ်အထည်အသုံးအဆောင်ပစ္စည်းတွေကို ပို့ဆောင်ပေးရပါတယ်။ ရေစတက်တဲ့ နေ့ကဆို ရာသီဥတုတော်တော်ဆိုးတဲ့အတွက် ကလေးမြို့ လေယာဉ်ကွင်းအထိ မရောက်နိုင်ခဲ့ဘူး။ ကလေးဝက တစ်ဆင့်ပို့ပေး ခဲ့ရတယ်"ဟု ၎င်း၏ ကယ်ဆယ်ရေးလုပ်ငန်းစတင်ဆောင် ရွက်ရာတွင် တွေ့ကြုံရသည်များကို ပြောပြသည်။

"တပ်မတော်မှာ တာဝန်ထမ်းဆောင်တာကတော့ အဓိကက တိုင်းပြည်ကိုကာကွယ်ဖို့အတွက်ပါ၊ အဲ့ဒီအပြင်ကို ကျွန်တော်တို့နိုင်ငံသားတွေ ဘေးအန္တရာယ်ဖြစ်တဲ့အချိန်မှာ တပ်မတော်သားတွေဟာ တတ်နိုင်တဲ့ ဘက်ကနေ တတ်နိုင်သရွေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပရဟိတအနေနဲ့ကတော့ နာဂစ်ကယ်ဆယ်ရေးမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်"ဟု ဗိုလ်မှူးကျော်မြတ်သူက ၎င်း၏ တပ်မတော်သားဘဝ တစ်စိတ်တစ်ပိုင်းကို လှစ်ဟပြခဲ့သည်။

ထို့ပြင်နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်ကို"အဓိကကတော့ နာဂစ်ဖြစ်သွားတဲ့အချိန်မှာ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားခဲ့တယ်။ ကျွန်တော်တို့က ထောက်ပံ့ရေးပစ္စည်းတွေ၊ ရိက္ခာ၊ အဝတ်အထည်တွေ၊ ကယ်ဆယ်ရေးပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းတွေ ထောက်ပံ့ပို့ဆောင်ပေးရတယ်။ ပြီးတော့ကယ်ဆယ်ရေးအတွက် ဆောင်ရွက်ရမယ့် ဆေးအဖွဲ့တွေကို ပို့ဆောင်ပေးခဲ့ရပါတယ်"ဟု နာဂစ်အတွင်း ၎င်းလုပ်ဆောင်ခဲ့သည့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပြောပြသည်။

ရာသီဥတု ဆိုးရွားနေသော်လည်း ရေဘေးသင့်ဒေသများသို့ ရဟတ်ယာဉ်နှစ်စင်းဖြင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများကို ပို့ဆောင်ပေးနေကြောင်းကို "ဒီမှာ ရဟတ်ယာဉ် နှစ်စင်းနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို ပို့ဆောင်ခဲ့ပါတယ်။ ရာသီဥတုက ဆိုးရွားတဲ့အနေအထားရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရဟတ်ယာဉ်မှူးတွေအနေနဲ့ကတော့ ရာသီဥတုဆိုးရွားတဲ့အချိန်မှာလည်း ကျွန်တော်တို့လုပ်နိုင်တဲ့ စွမ်းအားနဲ့ ကြိုးစားပြီးတော့ ကယ်ဆယ်ရေးပစ္စည်းတွေကိုတတ်နိုင်သလောက် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ရာသီဥတုဆိုးရွားသည့်အတွက် ဇူလိုင် ၃၁ ရက်တွင် အသက်ကယ်လှေများကို ကလေးမြို့ လေယာဉ်ကွင်းအထိ မပို့ဆောင်နိုင်ခဲ့သဖြင့် ကလေးဝအနီးမှာပင် ပို့ဆောင်ပေးခဲ့ရသလို ဩဂုတ် ၁ ရက်တွင်လည်း အလှူရှင်များ လှူဒါန်းပေးသည့် ပစ္စည်းများကို ပို့ဆောင်ပေးရာတွင် ရဟတ်ယာဉ်ဆင်းသက်၍ မရသောကြောင့် မုံရွာလေဆိပ်သို့ လှည့်ပြန်ခဲ့ရသည်များလည်း ရှိခဲ့သည်ဟု သိရသည်။

သို့သော် မည်မျှပင် ရာသီဥတုဆိုးရွားသော်လည်း ရေဘေးသင့် ပြည်သူများထံသို့ လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို နေ့စဉ်ရောက်ရှိအောင် ပို့ဆောင်ပေးလျက်ရှိနေသည်ဟုလည်းဆိုသည်။

စွန့်လွှတ်စွန့်စားရသည့် တပ်မတော်သားတစ်ယောက်၏ ဘဝကိုလည်း "တပ်မတော်ထဲကို နိုင်ငံတော် လုံခြုံရေး၊ ကာကွယ်ရေးနဲ့ ပြည်သူ ပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ချင်တဲ့ဆန္ဒနဲ့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော် (လေ)ကို ဝင်ရောက်တဲ့အချိန်မှာ လေယာဉ်တို့ ရဟတ်ယာဉ်တို့ မောင်းတယ်။ ငယ်ငယ်ကတည်းက စွန့်စားရတာဝါသနာပါတယ်"ဟု ဆိုသည်။

ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်ထားသည့် ဗိုလ်မှူးကျော်မြတ်သူ၏ ရဟတ်ယာဉ်သည် ကလေးမြို့လေဆိပ်သို့ အောင်အောင်မြင်မြင် ဆင်းသက်နိုင်ခဲ့ပြီဖြစ်သည်။တိုင်းပြည်၏ ကာကွယ်ရေး၊ သဘာဝဘေးဒုက္ခများ ကြုံသည့်အခါ ဘေးအန္တရာယ်ကြားမှ ကယ်ဆယ်ထောက်ပံ့ရေး တာဝန်များကို ထမ်းဆောင်နေရသော်လည်း လျော့ကျမသွားသည့် စိတ်ဓာတ်ခွန်အားတို့ဖြင့် ရေဘေးသင့်ဒေသများသို့ နောက်ထပ် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံရောက်ရှိရန် ခရီးစဉ်သစ်တစ်ခုအတွက် ပြင်ဆင်လျက်ရှိနေပေသည်။ **(နန္ဒာဝင်း)**

## သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပျက်စီးဆုံးရှုံးမှုများ | | | | | | | အခြားပျက်စီးဆုံးရှုံးမှု | ခန့်မှန်းတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|---|
| | | တံတား/ရေကျော်/ရေမြောင်း | လမ်း | တိရစ္ဆာန် (သေဆုံး) | တိရစ္ဆာန် (ပျောက်ဆုံး) | တိရစ္ဆာန်အစားအစာ | မွေးမြူရေးခြံ/ငါးပုစွန်ကန် | အဆောက်အအုံ | | |
| ၁ | ကချင်ပြည်နယ် | ၁ စင်း | | | | | | | | ၁၂. ၉၈ |
| ၂ | ချင်းပြည်နယ် | ၆၇ စင်း | မြေသားလမ်း (၆၇)မိုင် (၅) ဖာလုံ | | | | | | | ၆၁၉. ၂၀၉ |
| ၃ | ရခိုင်ပြည်နယ် | ၁၁ စင်း | ကျေးလက်လမ်း (၂)မိုင် (၃) ဖာလုံ | ခိုင်းနွား (၂၉) ကောင်၊ ဝက် (၅၀)ကောင် ဉစားကြက် (၃၅၃၀) ကောင် | | ၉၈၈၈ ပိဿာ | မွေးမြူရေး (၇)ခြံ၊ ငါးပုစွန်ကန်များ | ရေချို/ရေငန် အဆောက်အအုံ၊ ရုံးဝန်ထမ်းနေအိမ်များ | ငါးဖမ်းကိရိယာနှင့် ရေယာဉ် | ၆၈၂၈. ၈၆ |
| ၄ | ရှမ်းပြည်နယ် | ၁ စင်း | ကျောက်လမ်း (၇) မိုင် | | | | | | | ၉၉၅. ၃၉ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၇ စင်း | | ခိုင်းနွား (၁၂) ကောင် | (၁၉) ကောင် | | | | | ၅၃. ၃ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅ စင်း | | | | | ငါးကန် (၈၉. ၃၄) ဧက၊ ငါးသားဖောက်ကန်များ | | | ၂၁၃. ၆၄၃ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇ စင်း | ကျေးလက်လမ်း (၁၁)မိုင် (၁) ဖာလုံ | နွား(၁၆) ကောင်၊ ဝက် (၁၂)ကောင်၊ ကြက် (၁၂၇၀)ကောင် | | | ငါးမွေးမြူရေးကန် (၄၅၆. ၇၄၉)ဧက | | | ၈၂၂. ၅၈ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၆ စင်း | | | | | | | | ၁၅၆ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | ၉ စင်း | ကျောက်လမ်း (၃) ဖာလုံ | | | | | | | ၅၀. ၆၅ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၁ စင်း | ကျောက်လမ်း (၇) မိုင် | | | | | | | ၁၀၂ |

ပြည်တွင်းရေးရာ

# ပျော်ဘွယ်မြို့နယ် ရွာသာရွာအလယ်တန်းကျောင်းအဆင့်တိုးမြှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွာသာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်းအမှတ်အဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ခရိုင်ပညာရေးမှူး ဦးစန်းငွေမောင်နှင့် ရပ်မိရပ်ဖ ဦးမန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပညာဆိုသည်မှာ အကြားအမြင်ဖြစ်ပါကြောင်း၊ အကြားအမြင်ဆိုသည်မှာ ဗဟုသုတဖြစ်ပါကြောင်း၊ ပညာတတ်ပါက အနာဂတ်ကို မှန်းဆနိုင်သည့် အမြင်များ ရရှိမည်ဖြစ်ပါကြောင်း။

ပညာရေးကို အားပေးရာတွင် ပညာရေးဝန်ထမ်းများသည် အရေးကြီးပါကြောင်း၊ ပညာရေးမှူးများက သင်ကြားရေးများကို စစ်ဆေးသည့်အပြင် ဥပဓိရုပ်မကောင်းမွန်သည့်ကျောင်းနှင့် အန္တရာယ်ရှိသည့်ကျောင်းများကို စစ်ဆေးပြီး တင်ပြရန်နှင့် ကျောင်းသုံးပရိဘောဂလိုအပ်ချက်များကို တောင်းခံပေးရန်လိုအပ်ပါကြောင်း။

သင်ကြားရေးအပိုင်းတွင် ဆရာဆရာမများက သင်ရိုးညွှန်းတမ်းကို ကျေညက်ရန်လိုအပ်ပြီး သတ်မှတ်ကာလအတွင်း သင်ရိုးညွှန်းတမ်းကို ပြီးစီးကျေညက်သည်အထိ သင်ကြားပြသပေးရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ထမ်းအလုပ်သည် ပညာဒါနမြောက်သည့်အတွက် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိဘများအပိုင်းကလည်း သားသမီးများကို ဆရာဆရာမများထံ အပ်နှံပြီးရုံဖြင့် တာဝန်ကျေပွန်မည်မဟုတ်ပါကြောင်း၊ မိမိသားသမီး၏ ပညာသင်ကြားမှု၊ ကြိုးစားအားထုတ်မှု၊ အကျင့်စာရိတ္တ စသည်တို့ကို အမြဲမပြတ် အကဲခတ်လေ့လာရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း။

ဆရာဆရာမများကို ပညာရေးဝန်ကြီးဌာနကလည်း တတ်နိုင်သမျှ မိမိဇာတိရပ်ရွာနှင့် အနီးစပ်ဆုံး တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ အရည်အသွေးကို မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာ၌ သင်ကြားရေးဆိုင်ရာ ပညာရပ်များတိုးတက်နေမှုကို အမြဲမပြတ်လေ့လာ၍ တပည့်များကို ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းဖြင့် ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်းများ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပညာဖြင့်ပြိုင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အစိုးရပိုင်းအနေဖြင့် ပညာဖြင့်



အုပ်ချုပ်ရန် လိုအပ်သကဲ့သို့ ပြည်သူပြည်သားများကလည်း ပညာရည်မြင့်မားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီသည် သက်တမ်းရှည်မည်ဖြစ်ပါကြောင်း၊ ပညာရည်နိမ့်ကျပါက ဒီမိုကရေစီသည် ယိမ်းယိုင်သွားပြီး မင်းမဲ့စရိုက်သို့ ကူးပြောင်းသွားနိုင်ပါကြောင်း။

ယခုကဲ့သို့ ကျောင်းအဆင့်မြှင့်တင်သည့်လုပ်ငန်းကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ကြသော ရွာသာကျေးရွာမှ ရပ်မိရပ်ဖများ၊ ပညာရေးဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ နောင်တွင်လည်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရန်၊ ပညာရေးဆုံးခန်းတိုင် သင်ကြားနိုင်ရန်နှင့် ကျောင်းထွက်နှုန်းလျော့ကျသွားရန် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအဆင့် တိုးမြှင့်ခြင်းဆိုင်ရာ အထိမ်းအမှတ်အလံများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံပေးအပ်ကြပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကာ ရပ်မိရပ်ဖတစ်ဦးကလည်း ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၂ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၂၅၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၅၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅ ဦး စုစုပေါင်း ၈၆၈ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၄၀ နှင့် တစ်သီးပုဂ္ဂလ ၄၂ ဦးတို့က အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ကုန်တင်ယာဉ်ကြီးများကို အထောက်အကူပြုနေသော ဖောတံတား

**ဘားအံ ဩဂုတ် ၂**

ကရင်ပြည်နယ်အတွင်းရှိ မြဝတီနယ်စပ် ကုန်သွယ်ရေးကားလမ်း ဘားအံ-ကော့ကရိတ်-မြဝတီကားလမ်းပေါ်ရှိ ဂျိုင်းတံတားသည် ၁၉၉၉ ခုနှစ် မေလအတွင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (တံတားဦးစီးဌာန)က တည်ဆောက်ဖွင့်လှစ်ခဲ့သောတံတားဖြစ်ပြီး မြဝတီနယ်စပ် ကုန်စည်ပို့ဆောင်ရေး ယာဉ်များ ဖြတ်သန်းမောင်းနှင်နေသော တံတားဖြစ်သည်။

ယခုအခါ အဆိုပါ တံတားခံနိုင်ဝန်ဖြစ်သည့် ၂၅ တန် တင်ဆောင်သောကားများသာ ဖြတ်သန်းခွင့်ပြုတော့သဖြင့် ၂၅ တန်အထက် တင်ဆောင်လာသော မြဝတီမှ ကုန်တင်ယာဉ်ကြီးများအတွက် ဂျိုင်းတံတားအနီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တံတားတည်ဆောက်မှုနည်းပညာဖြင့် မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီက ဖောတံတားတစ်စင်းတည်ဆောက်၍ ၂၅ တန်အထက် ကျော်လွန် တင်ဆောင်လာသော ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းမောင်းနှင်စေလျက်ရှိသည်။

အဆိုပါ ဖောတံတားကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ကာ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်နိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဂျိုင်းဘေလီကြိုးတံတားပေါ်မှ ဖြတ်သန်းခွင့်မပြုသော ၂၅ တန်အထက် ၂၆ တန်မှ တန် ၄၀ ပါ ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းမောင်းနှင်မှုကို ခွင့်ပြုလျက်ရှိသည်။

**(ခရမ်းစိုးမြင့်)**

■





# မစ္စရန်ဟီလီ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂**

ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရေးအတွက် မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပီဂျီ-၇၀၇ လေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ရောက်ရှိရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မစ္စရန်ဟီလီသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ်အတောအတွင်း နိုင်ငံတော်သမ္မတ၏ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေအကြံပေးအဖွဲ့များ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်နှစ်ရပ်လုံး၏ ဥပဒေကြမ်းကော်မတီများ၊ အခြေခံအခွင့်အရေးကော်မတီ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး ၎င်းတင်သွင်းမည့်အစီရင်ခံစာနှင့်ပတ်သက်ပြီး လိုအပ်သည့်နေရာများသို့ပါ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

မစ္စရန်ဟီလီသည် မြန်မာနိုင်ငံတွင် ဩဂုတ် ၂ ရက်မှ ၇ ရက်အထိ နေထိုင်သွားမည်ဖြစ်ပြီး ဩဂုတ် ၇ ရက်တွင် ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၆ နာရီ တိုင်းတာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၂၀' |
| ၂။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂၄. ၁၀' |
| ၃။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၂၇. ၄၀' |
| ၄။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၄. ၂၀' |
| ၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၃. ၈၀' |
| ၆။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၂၀' |
| ၇။ | မန်းချောင်းရေလှောင်တမံ | ၁၂၀၀၀၀ | ၄. ၃၀' |
| ၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၈၀' |
| ၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၃. ၂၀' |
| ၁၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၄၅' |
| ၁၁။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၅၀၀ | ၅. ၅၀' |
| ၁၂။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၅၀' |
| ၁၃။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၂. ၀၀' |
| ၁၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၀၀' |
| ၁၅။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၁၆။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၇။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၁၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၉၅' |
| ၁၉။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၂. ၃၀' |
| ၂၀။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၁။ | မုက္ခာရေလှောင်တမံ | ၂၄၁၁၂ | ၀. ၈၀' |
| ၂၂။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၁၅' |
| ၂၃။ | ဇလတ်ထော်ရေ လှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၀၀ | ၂. ၆၀' |
| ၂၅။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၆၀' |
| ၂၆။ | ခဝါရေလှောင်တမံ | ၁၂၂၅၀ | ၀. ၄၀' |
| ၂၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၁၀' |
| ၂၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၂၉။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၀၀' |
| ၃၀။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၀၀' |
| ၃၁။ | ဇာမဏီရေလှောင်တမံ | ၅၃၆၄ | ၁. ၀၂' |
| ၃၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၇၀' |
| ၃၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၈၀' |
| ၃၄။ | ငမြွေရေလှောင်တမံ | ၂၄၆၀ | ၀. ၅၀' |
| ၃၅။ | မင်းရဲရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၃၆။ | စဉ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၃၇။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၅၀' |
| ၃၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၂၀' |
| ၃၉။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၅၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၄၄၄၅၁ | ၃၇. ၂၀' |
| ၂။ | ကင်းတာရေလှောင်တမံ | ၈၇၃၅၈၀ | ၁၈၂၂၀၀ | ၉၁. ၁၆' |
| ၃။ | ဖြူးချောင်းရေလှောင်တမံ | ၆၃၂၅၃၀ | ၄၇၁၀၄၀ | ၁၂. ၂၉' |
| ၄။ | ဆည်တော်ကြီး ရေလှောင်တမံ | ၃၆၂၈၅၀ | ၃၂၉၈၅၀ | ၄. ၆၀' |
| ၅။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၁၃၉၆၆ | ၉. ၀၃' |
| ၆။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၇။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၅၂၈၉ | ၉. ၇၀' |
| ၈။ | ငလိုက်ရေလှောင်တမံ | ၇၅၀၀၀ | ၄၁၉၇၂ | ၁၀. ၃၀' |
| ၉။ | ရေဆင်းရေလှောင်တမံ | ၇၃၀၀၀ | ၁၈၄၀၀ | ၂၈. ၁၀' |
| ၁၀။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၇၅၂ | ၂၂. ၀၅' |
| ၁၁။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၁၂။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၃၂၃ | ၆. ၈၅' |
| ၁၃။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၁၄။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၀. ၉၀' |
| ၁၅။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၂. ၈၀ | ၁. ၃၀' |

(သတင်းစဉ်)

## မိုးရွာသွန်းမှုကြောင့် ခေတ္တရပ်တန့်ခဲ့သော ပုလဲ-ဂန့်ဂေါကားလမ်း ဖြတ်သန်းသွားလာနိုင်ပြီ

ဂန့်ဂေါ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ဇူလိုင် ၃၁ ရက် ညပိုင်းတွင် မိုးရွာသွန်းမှုရပ်တန့်သွားပြီး ဩဂုတ် ၁ ရက်တွင် ဂန့်ဂေါနှင့်ဟားခါးကားလမ်းပိုင်း၊ ဂန့်ဂေါနှင့် စိုင်ဒူးကျေးရွာကြား မဖေးချောင်းတွင် ရေနည်းသွားသော်လည်း ရွှံ့ညွန်များကျန်ရှိနေသဖြင့် ယာဉ်များဖြတ်သန်းနိုင်ခြင်းမရှိသေးဘဲ တာဝန်ရှိသူများက ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးနေပြီး လမ်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ယာဉ်များဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ထမင်းထုပ်များ ဝေငှပေးလျက်ရှိသည်။

ထို့ပြင် ဂန့်ဂေါမြို့နှင့် ပုလဲမြို့ကြား မဲချောင်းရေကြီးသဖြင့် မဲချောင်းကူးတံတားနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခဲ့ရာ ဇူလိုင် ၃၁ ရက် ညပိုင်းမှစတင်၍ ယာဉ်ငယ်များ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း၊ ယာဉ်ကြီးများမှာလည်း တံတားရှောင်ကွင်းလမ်းရှိ ရေအနက်နှစ်ပေခွဲခန့် ချောင်းကို ဖြတ်သန်းမောင်းနှင်နိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၅၂၁ | ၂၅၂၆၀ | ၁၀၀၄၅ | ၈၃၅၅ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၃၂ | ၂၁၇ | ၅ | - | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၄၅ | ၂၄၅ | ၂၄၅ | ၂၁၀ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၆၄၈၈ | ၇၄၁၂၆ | ၅၇၀၃၀ | ၃၄၈၆၆ | ၁၂၆ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၂၄၉၄၉၇ | ၅၈၉၃၇ | ၃၅၇၄ | ၁၃၂၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၇၃၅၉၉ | ၁၂၁ | ၇၂၀၁၀ | - | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၉၅၅၃ | ၁၉၈၈ | - | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၅ | ၄၇၅၇၄ | ၁၄၄၀ | - | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၃၅၇၀၀ | ၇၇၆ | - | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၃၅၄ | ၁၀၇၀ | ၂၇၆ | ၅၅ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၁၃၅၄ | ၁၃၂၁၉ | ၆၈၈ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၉၇၀၇၈၇** | **၁၈၉၅၃၉** | **၁၉၂၃၂၄** | **၄၆၆၆၃** | **၁၈၁** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

ရေလွှမ်းမိုးမှု မတိုင်မီ
မိုးလေဝသသတင်းကို
အမြဲမပြတ်နားထောင်ပါ

## အောင်လံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆန်နှင့်ဆီများထောက်ပံ့

**အောင်လံ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ရှိရေဘေးသင့်ပြည်သူများကို ဆန်နှင့်ဆီများထောက်ပံ့ခြင်း၊ အောင်လံမြို့ ရွာထောင်ရပ်ကွက် အထက(၃) ကျောင်းပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းခြင်း၊ ကသစ်ကန်းကျေးရွာ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့ ကျောင်းဝတ်စုံ ၁၈၄ စုံလှူဒါန်းခြင်းတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့်အဖွဲ့က ဩဂုတ် ၁ ရက်တွင် သွားရောက်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်လံမြို့ စမ်းချောင်းရပ်ကွက်ရှိ သာသနာ့ဗိမာန် ကုန်းတော်တွင် တည်ထားကိုးကွယ်သော စေတီတော်အတွက် အလှူငွေများထည့်ဝင် လှူဒါန်းခြင်း၊ တာဝတိံသာပြည်လုံးချမ်းသာဘုရားသို့ သွားသည့်လမ်းရှိ ရေမြောင်းတံတားတည်ဆောက်ရန် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ခြင်း၊ နယ်မြေခံတပ်ရင်းမှ မိသားစုများနှင့်တွေ့ဆုံပြီး ရေဘေးသင့် တပ်ရင်းမိသားစုများနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်းခြင်း၊ အောင်လံမြို့ပေါ်ရှိ သရက်တောရပ်ကွက်၊ မန်ကျီးကုန်းရပ်ကွက်၊ စမ်းချောင်းရပ်ကွက်၊ စက်ရုံရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများ၊ နံ့ဖူပင်၊ ပြင်းပေါက်၊ ပြလို့၊ ကသစ်ကန်နှင့် သရက်တောကျေးရွာများရှိ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၅၀၈ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် လေးပြည်နှင့် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ဆန် ၈၉ အိတ်နှင့် ဆီ ၂၅၄ ပိဿာ စုစုပေါင်း ငွေကျပ် ၂၂၀၅၇၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်နှင့် မြို့နယ်မှတာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စင်ကာပူနိုင်ငံမှ အသက်ကယ်လှေနှင့်အသက်ကယ်အင်္ကျီများ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

စင်ကာပူနိုင်ငံမှထွက်ခွာလာသော စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်အမှတ် (8M 230)သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့ရာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသက်ကယ်လှေအကြီး နှစ်စင်း၊ အသေး လေးစင်းနှင့် အသက်ကယ်အင်္ကျီအထည် ၁၀၀ ပါရှိလာကြောင်း စိစစ်တွေ့ရှိရသဖြင့် လက်ခံမည့်သူဒေါ်ယဉ်ယဉ်ဝေထံသို့ ဆက်သွယ်ပြီး ယနေ့ နံနက်ပိုင်းတွင် စနစ်တကျ ထုတ်ပေးခဲ့ကြောင်း၊ ရေကြောင်းမှ ပေးပို့မှုများ လက်ခံရရှိမှု မရှိသေးကြောင်းနှင့် ပေးပို့မှုများရှိပါက အလားတူ စနစ်တကျ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ညောင်ဦးရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ လူမှုရေးအဖွဲ့ အစည်းအသီးသီးမှ လာရောက်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိ

**ညောင်ဦး ဩဂုတ် ၂**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာမှ ရေဘေးသင့်ပြည်သူများအား တောင်ဘီကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ဆောင်ရွက်ထားရှိခဲ့ရာ ဩဂုတ်၂ ရက်က အိမ်ထောင်စု ၂၆၄ စု၊ အမျိုးသား ၅၄၄ ၊ အမျိုးသမီး ၆၀၆ ဦး စုစုပေါင်း ၁၁၅၀ နှင့် နွား ၃၆၃ ကောင်၊ မြင်း ငါးကောင်၊ ဝက်နှစ်ကောင်တို့အား ရွှေ့ပြောင်းကယ်ဆယ် နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ယင်းကယ်ဆယ်ရေး စခန်းသို့ ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ၊ ထမင်းထုပ်များနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းလျက်ရှိသည်။ ညောင်ဦးမြို့နယ်အတွင်းရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့ ၁၅ ဖွဲ့ပူးပေါင်းဖွဲ့စည်းထားသော ညောင်ဦးမြို့နယ်လုံးဆိုင်ရာ လူမှုရေးအသင်းများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့က ရေဘေးသင့်အိမ်ထောင်စုတစ်စုချင်းအတွက် ဆန် သုံးပြည်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်ထုပ်၊ ဆပ်ပြာခဲနှင့် ခာတ်ဆားထုပ်စသည့် ကယ်ဆယ်ရေးပစ္စည်းများအားလည်းကောင်း၊ ဂရုဏာရှင်နာရေးကူညီမှုအသင်းက ကယ်ဆယ်ရေးစခန်းရှိ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့အား ဆေးဝါးပစ္စည်းများအားလည်းကောင်း လှူဒါန်းခဲ့သည်။



ထို့ပြင် အဲပုဂံကုမ္ပဏီနှင့် ထူးဖောင်ဒေးရှင်းမှ ညောင်ဦးခရိုင်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၇၆ ကျောင်းအတွက် ဆန်အိတ် ၁၇၆ အိတ်လှူဒါန်းနိုင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် အတွက် အလှူငွေကျပ် ၁၁၁၆၀၀၀၀ ကိုလည်းကောင်း၊ အမျိုးသားတိုးတက်ရေးပါတီ (NDP) မှ ဒေါက်တာနေဇင်လတ် ဦးဆောင်သောအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၁ လုံး၊ ခေါက်ဆွဲခြောက် အထုပ် ၄၀ပါ ဂျပ်ဖာ တစ်ဖာ၊ အင်္ကျီ ၁၀ ထည်တို့အား လည်းကောင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ (ပုဂံ)မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထမင်းထုပ် ၉၃၀ နှင့် ယာယီအိမ်သာ လေးလုံးတို့အားလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

❖

## မြန်အောင်တွင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်

**မြန်အောင် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဧရာဝတီမြစ်ကမ်းဘေးရှိ အမှတ်(၆) ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်တို့မှ အိမ်ထောင်စုများနှင့် မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက် တာဝတိံသာကွက်သစ်နေ ရေဝင်အိမ်ထောင်စုများ ရေဘေးအန္တရာယ်ကင်းဝေးစေရန် နေရာရွှေ့ပြောင်းမှုများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ ဆောင်ရွက်ခဲ့ရာ မြန်အောင်မြို့အမှတ်(၆)ရပ်ကွက် ရွှေဘုံသာဘုရားတွင် အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၁၃၂ ဦး၊ အမှတ်(၅) ရပ်ကွက် တာဝတိံသာဓမ္မာရုံတွင် အိမ်ထောင်စု ၂၁ စုမှ လူဦးရေ ၇၆ ဦးတို့ကို နေရာချထားပြီး မြန်အောင်အမှတ် (၁)ရပ်ကွက် မကျီးစုကမ်းနားတန်းတွင် နေထိုင်သော အိမ်ထောင်စု ကိုးစုမှ လူဦးရေ ၃၇ ဦးကို အမက(မကျီးစု)နှင့် မကျီးစု ဘုန်းကြီးကျောင်းဓမ္မာရုံတွင်လည်းကောင်း ပြောင်းရွှေ့နေရာချထားပြီး ကယ်ဆယ်ထောက်ပံ့ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ မြို့နယ်မှတာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(မြို့နယ်/မြန်ဆက်)**

## ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးဘဲ ခိုင်ခံ့ကောင်းမွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၈၀၀၀၀၊ လက်ရှိရေလှောင်ပမာဏမှာ ဧကပေ ၁၇၅၀၀၀ ဖြစ်ပြီး ရေလှောင်တမံ၏ အမြင့်မှာ ပေ ၁၂၀၊ ကန်ရေပြည့်ရေလှောင်အမြင့်မှာ ၁၀၇ ပေနှင့် လက်ရှိရေအမြင့်မှာ ၁၀၆ ဒသမ ၆ ပေဖြစ်၍ ရေပိုလွှဲမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများ မရှိကြောင်း၊ ရေလှောင်ပမာဏနှင့် ဆည်တာတမံကြံ့ခိုင်မှုအတွက် ရေကင်းများ ချထားပြီး စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေလှောင်တမံမှာ ခိုင်ခံ့ကောင်းမွန်မှုရှိကြောင်း သိရသည်။**(အောက်ပုံ)**

ငမိုးရိပ်ရေလှောင်တမံမှ ရန်ကုန်မြို့တော်အတွက် တစ်နေ့လျှင် ရေဂါလန်သန်း ၉၀ ကျော် ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ မင်္ဂလာဒုံနှင့် ဒဂုံမြို့သစ်တို့ရှိ လယ်ဧက ၃၀၀၀၀ ကျော် ရေရရှိရေးအတွက်လည်း ပုံမှန်အတိုင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာ၌ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂**

ဆင်ပေါင်ဝဲမြို့၏ ဧရာဝတီမြစ် စိုးရိမ်ရေအမှတ်မှာ ၁၉၄၅ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၂ ရက် နံနက် ၆နာရီထိ ရေအမှတ်မှာ ၁၂၉၅ ဒသမ ၅ စင်တီမီတာသို့ ရောက်ရှိ မြင့်တက်လာမှုကြောင့် ရေနစ်မြုပ်နိုင်သော ကျွန်းကျေးရွာ (အနောက်စု) မှ အိမ်ထောင်စု ၂၄ စု လူဦးရေ ၉၉ ဦး၊ နွားကောင်ရေ ၅၇ ကောင်၊ နွားလှည်းတစ်စီး၊ဝက်ငါးကောင်၊ အင်းလတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ ကျွန်းကျေးရွာ (အလယ်စု) မှ အိမ်ထောင်စုခြောက်စု၊ လူဦးရေခြောက်ဦး၊ နွား ၃၆ ကောင်၊ (အနောက်စု)မှ အိမ်ထောင်စုငါးစု၊ လူ၂၈ ဦး နွားအကောင် ၂၀ ၊ လှည်းနှစ်စီး၊ နွားစာစဉ်းစက် တစ်ခုနှင့် ကျွန်း(အရှေ့စု)မှ အိမ်ထောင်စု သုံးစု ၊ လူဦးရေ သုံးဦး၊ နွားကောင်ရေ ၁၃ ကောင်တို့အား မြစ်အရှေ့ဘက်ခြမ်း ဆင်ပေါင်ဝဲမြို့သို့လည်းကောင်း ယနေ့နံနက် ၇ နာရီက စတင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ ပါဝင်သော ရေဘေးကယ်ဆယ်ရေးအဖွဲ့သည် အမှတ်(၁၃) ကာကွယ်ရေးပစ္စည်းစက်ရုံမှ ကနောင် ၄၁၃(၇) ဇက်ရေယာဉ်၊မြို့နယ်ရေယာဉ်ငယ်အဖွဲ့မှ စက်တပ်ရေယာဉ် ၁၅ စင်းဖြင့် ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**

❒



သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစီး။

# ခြောက်နှစ်ကြာအေးစက်ခဲ့သည့် အမေရိကန်-အီဂျစ်ဆက်ဆံရေး ပြန်လည်နိုးထ




**ကိုင်ရို ဩဂုတ် ၂**

အမေရိကန်နှင့်အီဂျစ်နိုင်ငံတို့သည် ပထမဆုံးအကြိမ် မဟာဗျူဟာဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသည် ၂၀၀၉ ခုနှစ်ကစပြီး ခြောက်နှစ်ကြာအေးစက်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်အသက်သွင်းပေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အီဂျစ်နိုင်ငံ၏ နိုင်ငံရေးလက်ရှိအခြေအနေနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဆိုင်းနိုင်းကျွန်းဆွယ်ကို ခြေကုပ်ယူပြီး အကြမ်းဖက်မှုများလုပ်ဆောင်နေကြသည့် အစ္စလာမ္မစ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။ အီဂျစ်နိုင်ငံနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့က ဦးဆောင်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသည် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်အသက်သွင်းခဲ့ပြီဖြစ်ကြောင်းနှင့် နိုင်ငံရေး၊စစ်ရေးနှင့် စီးပွားရေးအပြင် အခြားသောကဏ္ဍများတွင်လည်း ပြန်လည်ရင်းနှီးမှုရရှိခဲ့ပြီဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှူကရီက သူ၏မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်ခန့်ကစတင်ပြီး စစ်သွေးကြွများက အီဂျစ်စစ်သားများနှင့်ရဲအရာရှိ ရာပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။ အမေရိကန်အနေဖြင့် အီဂျစ်နိုင်ငံသို့ စစ်ရေးထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ အစ္စလာမ္မစ်စစ်သွေးကြွများက အိမ်နီးချင်းဆီးရီးယားနိုင်ငံတွင် အခိုင်အမာအခြေချပြီး ဆီးရီးယား၊ယီမင်နှင့် အီရတ်နိုင်ငံများတွင် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီဂျစ်နိုင်ငံအား စီးပွားရေးပံ့ပိုးမှုအပြင် နိုင်ငံရေးထောက်ခံအားပေးမှုများပေးမည်ဟု အစည်းအဝေးတွင် ကတိပြုခဲ့သည်။ ယင်းနောက် ကာတာနိုင်ငံ ဒိုဟာမြို့သို့ မထွက်ခွာမီ အီဂျစ်သမ္မတ အယ်စီစီနှင့်တွေ့ဆုံခဲ့သည်။

အီဂျစ်နိုင်ငံသည် ဒီမိုကရေစီစနစ်ပြောင်းလဲရေးတွင် နှောင့်နှေးကြန့်ကြာမှုများရှိသော်လည်း အရှေ့အလယ်ပိုင်းရှိ အမေရိကန်၏လုံခြုံရေးအရ မဟာမိတ်နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သည်ဟု အမေရိကန်အနေဖြင့် ယူဆထားသည်။ အမေရိကန်နှင့်အီဂျစ်နိုင်ငံတို့သည် ၂၀၁၃ခုနှစ်တွင် အီဂျစ်စစ်တပ်က သမ္မတ မိုဟာမက်မော်စီကို ရာထူးမှဖြုတ်ချခဲ့သည့်နောက် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေ အေးစက်သွားခဲ့သည်။ **ရိုက်တာ။**

# အိန္ဒိယနိုင်ငံ အူတာရာခမ်းပြည်နယ်တွင် မြေပြိုမှုကြောင့် ခရီးသည် ၅၀၀ ပိတ်မိ


အိန္ဒိယနိုင်ငံ အူတာရာခမ်းပြည်နယ်တွင် မြေပြိုမှုကြောင့် ဂန်ဂိုထရီအဝေးပြေးလမ်းမပေါ်တွင် ခရီးသည် ၅၀၀ ပိတ်မိနေသည်ကို တွေ့ရစဉ်။

**အူတာရာခမ်း ဩဂုတ် ၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ အူတာရာခမ်းပြည်နယ်တွင် မြေပြိုကျမှုကြောင့် အဝေးပြေးလမ်းပိတ်ဆို့ခဲ့သဖြင့် အနည်းဆုံးလူ၅၀၀ လမ်းခရီးတွင် သောင်တင်ပိတ်မိနေခဲ့ကြောင်း သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂန်ဂိုထရီအဝေးပြေးလမ်းမပေါ်တွင် တောင်ကုန်းတစ်ခုမှပြိုကျလာသည့် ကျောက်တုံးများနှင့် သစ်ပင်ကြီးများ ပိတ်ဆို့နေခဲ့သည်။ ခရီးသွားပြည်သူများသည် လမ်းပြန်လည်အသုံးပြုနိုင်မည့်အချိန်ကို နာရီပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ကြသည်။

လမ်းပြန်လည်ဖွင့်ရန်ကြိုးပမ်းကြသော်လည်း ကျောက်တုံးများက အဆက်မပြတ်ကျနေသေးသည်ဟု ခရီးသည်တစ်ဦးကဆိုသည်။ ယင်းဖြစ်ရပ်ကြောင့် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အိမ်အများအပြားလည်း ပျက်စီးခဲ့ရသည်။ ဇူလိုင်လက အိမ်ပေါင်း ၇၀ မြေပြိုမှုကြောင့် ပျက်စီးကာ လူလေးဦးသေဆုံးခဲ့ပြီးကျွဲ၊ နွား ၁၀၉ ကောင်သေဆုံးခဲ့ရသည်ဟု ဒေသခံတစ်ဦးက ဆိုသည်။

**ရိုက်တာ။**

# အော်ရန်အူတန် လူဝံများ မျိုးမသုဉ်းရေး ဘာသာဘာဝကျက်စားနိုင်မည့် သစ်တောမြေလိုအပ်

**ဘော်နီယို ဩဂုတ် ၂**

မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော အော်ရန်အူတန် လူဝံကြီးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ယင်းတို့ ကျက်စားရာ သစ်တောနယ်မြေများကို ကာကွယ်စောင့်ရှောက်ရန် အင်ဒိုနီးရှားအခြေစိုက် နိုင်ငံတကာ အော်ရန်အူတန် ဖောင်ဒေးရှင်းက ကြိုးပမ်းလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ တန်ယွန်းပူတင်း အမျိုးသားဥယျာဉ်သည် ကယ်တင်စောင့်ရှောက်ထားသည့် အော်ရန်အူတန် လူဝံကောင်ရေ ၆၀၀၀ ခန့် ကျက်စားရာ သစ်တောနယ်မြေဖြစ်သည်။ ယင်းဥယျာဉ်အတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသော အော်ရန်အူတန် လူဝံကြီးများအနက် ကောင်ရေ ၃၀၀ခန့်ကို ဘာသာဘာဝနေထိုင်ကျက်စားနိုင်ရန် တောတွင်းသို့ ပြန်လည်လွှတ်ပေးမည့် အစီအစဉ်ရှိသော်လည်း ယင်းသတ္တဝါများ ဘာသာဘာဝ ကျက်စားနိုင်မည့် နယ်မြေကို တိုးချဲ့နိုင်ရန် အခက်အခဲရှိနေကြောင်း နိုင်ငံတကာ အော်ရန်အူတန်လူဝံ ဖောင်ဒေးရှင်းအကြီးအကဲ ဒေါက်တာဘီရွတ်ဂလာဒီကတ်က ပြောကြားသည်။

အော်ရန်အူတန် လူဝံများ ကျက်စားနေထိုင်နိုင်မည့် မြေနေရာကို တိုးချဲ့နိုင်ရေးအတွက် တန်ယွန်းဥယျာဉ်နှင့် ထိစပ်နေသော ၁၅၈၀၇ ဧက ကို နိုင်ငံတကာ အော်ရန်အူတန်ဖောင်ဒေးရှင်းက ဝယ်ယူလိုသော်လည်း ဒေါ်လာ ၂ ဒသမ ၅ သန်းအထိ ကျခံသုံးစွဲရမည်ဖြစ်ခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်နေရကြောင်း ဒေါက်တာ ဂလာဒီကတ်က ပြောကြားသည်။

အဆိုပါဖောင်ဒေးရှင်းသည် ရန်ပုံငွေရရှိရန် အလှူရှင်များနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတို့အပေါ် မှီခိုနေရသည်။

တန်ယွန်း အမျိုးသားသစ်တောဒေသကို ဆီအုန်းစိုက်ခင်းများက ဝန်းရံလျက်ရှိပြီး တောပြုန်းမှုကြောင့် အော်ရန်အူတန်လူဝံများ ဘာသာဘာဝနေထိုင်ကျက်စားရန် နယ်မြေယုတ်လျော့သွားခဲ့သည်။ **ရိုက်တာ။**

# ပြင်သစ်တွင် ကြက်တိုက်ခြင်းကို ဥပဒေဖြင့်တားမြစ်

**ပါရီ ဩဂုတ် ၂**

ပြင်သစ်တရားရုံးချုပ်က နိုင်ငံအတွင်း၌ ကြက်တိုက်သည့်ဓလေ့ပပျောက်စေရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော ဥပဒေသည် အခြေခံဥပဒေနှင့် ညီညွတ်ကြောင်း ဆုံးဖြတ်ပြီး ကြက်တိုက်သည့် ရိုးရာဓလေ့ကို ထောက်ခံသူများက ကြက်တိုက်ကွင်းအသစ်တစ်ခု တည်ထောင်ခွင့်ပြုပါရန် မေတ္တာရပ်ခံချက်ကို ပယ်ချလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကြက်တိုက်ကွင်း အသစ်များထူထောင်ခြင်းအား တားမြစ်ပိတ်ပင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီက ဇူလိုင် ၃၁ ရက်တွင် အတည်ပြုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြဋ္ဌာန်းထားခဲ့သော ဥပဒေသည် ကြက်ဝိုင်းအားလုံးကို တဖြည်းဖြည်း ပပျောက်သွားစေရန် ရည်ရွယ်သည်။

ပြင်သစ်ပိုင် ရီယူနီယံကျွန်း၌ ကြက်တိုက်ကွင်း အသစ်တစ်ခု တည်ထောင်လိုသည့် ပြင်သစ်နိုင်ငံသား နှစ်ဦးက မကြာသေးမီကဥပဒေအရ စိန်ခေါ်ခဲ့သည်။

ကြက်တိုက်ခြင်းကို ရိုးရာဓလေ့ထုံးစံတစ်ခုအဖြစ် နက်ရှိုင်းစွာယုံကြည်လက်ခံထားကြသည့် ဒေသများ၌သာလျှင် ကြက်တိုက်ခြင်းသည် ဥပဒေဘောင်အတွင်းမှာရှိသည်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်း၊ ပြင်သစ်နယ်မြေများဖြစ်ကြသည့် ရီယူနီယံ၊ ပြင်သစ်ဂိုင်ယာနာနှင့် ပြင်သစ်အန်တီလီးစ်တို့တွင် ဖြစ်သည်။

ထို့အပြင် ကြက်တိုက်ခြင်းသည် တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်သည်ဟု သဘောထားပြီး ကြက်တိုက်သူများကို ထောင်ဒဏ်နှစ်နှစ်အပြစ်ပေး၍ ငွေဒဏ်ဒေါ်လာ ၃၃၀၀၀ အထိ ချမှတ်နိုင်သည်။

ကြက်တိုက်ပွဲတွင် ကြက်ဖနှစ်ကောင် ခွပ်ကြပြီး အဆုံးသတ်တွင် တစ်ခါတစ်ရံ တစ်ကောင်သေပွဲဝင်ရလေ့ရှိသည်။ကြက်တိုက်သည့် ဓလေ့မှာ အရှေ့တောင်အာရှ၊ လက်တင်အမေရိကတို့တွင် ရှိသည်။ အနောက်နိုင်ငံအများစုတွင်မူ ဥပဒေနှင့် မလွတ်ကင်းသော လုပ်ငန်းဖြစ်သည်။

**ရိုက်တာ။**


ပြင်သစ်နိုင်ငံ၏ ကြက်တိုက်ကွင်း တစ်ခု၌ အလောင်းအစားလုပ်၍ ကြက်တိုက်နေသည်ကို တွေ့ရစဉ်။

# ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း

**ခ** မောင်သန္တာ(ရှေ့နေ)

**ကိုယ်ကျင့်တရားပျက်ပြားသွားလျှင် လူပင်ဖြစ်သော် လည်း လူရာမဝင် အမြဲတမ်း မိမိကိုယ်မိမိ သိမ်ငယ်စိတ်များဖြင့် အများ၏ ဝိုင်းပယ်ခြင်းကို ခံကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်သွား ကြရမည်သာဖြစ်ပါသည်။**

ဤဆုံးမစကား မြန်မာ့လူ့ဘောင်တွင် အင်းဝခေတ် ရဟန်းရှင်လူ စာဆိုတော်များ ဖွဲ့နွဲ့ရေးသားခဲ့ကြသော လောကသာရပျို့လာ၊ ကန်တော်မင်ဆရာတော်၏ ဆုံးမစာဖြစ်ပါသည်။ အဓိပ္ပာယ်သည်ကား လူသားများသည် ကောင်းမှုကို မြတ်နိုးပြီး မိမိကိုယ်ကို ကောင်းအောင် ကြိုးစားကာ မိမိကိုယ်၌ ကောင်းကျိုးများ အစဉ်အမြဲ တည်ရှိနေရန်လိုအပ်သည်ဟု ဖြစ်ပါသည်။

ကောင်းမှုနှင့် ပတ်သက်၍ ရှေးစာဆိုတော်များ၏ အဆိုအမိန့်များတွင် "ဟုတ်သော အကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသော ထွေ၊ မှန်လှစေ"ဆိုသည့်အတိုင်း ပြုမူနေထိုင်ခြင်းဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။ ကောင်းမှုဆိုသည်မှာ တစ်နည်းအားဖြင့် လူ့ဘောင်လောကတွင် လူသားတိုင်း လူသားတိုင်း ကျင့်ကြံနေထိုင်ရသော တရား၊ လောကကို ထိန်းကွပ်ထားသော လောကအထိန်းအကွပ်တရားလည်း ဖြစ်သည့် လောကပါလတရားမြတ်ဖြစ်ပါသည်။

ကျွန်ုပ်တို့လေ့လာကြားသိဖူးသော အဆိုအမိန့်များတွင်လည်း လူကောင်း၊ လူမိုက်တို့နှင့်ပတ်သက်၍ "သေနှင့်အရက် စီးပွားဖျက်ကို တစ်စက်ကယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်"ဟူ၍လည်းကောင်း၊ "သူ့အသက်ကိုလည်း ချစ်တတ်ပါစေ"ဟူ၍လည်းကောင်း၊ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားပါ"ဟူ၍လည်းကောင်း၊ "ပညာမျက်စိမြင်မရှိ၍၊ မသိတရား အယူမှားလျက် စီးပွားမမြော်ကျိုးမပေါ်သော၊ သူတော်မဟုတ်သည့် ယုတ်သည့်စရိုက်၊ လူသူမိုက်"ဟူ၍လည်းကောင်း တွေ့ရှိရပါသည်။

ဥရောပတိုက်သား သိုးဆောင်းလူမျိုးများ၏ အဆိုအမိန့်နှင့် ပုံပြင်တို့တွင်လည်း ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ "ဥစ္စာစီးပွား ဆုံးရှုံးသွားလျှင် ဘာတစ်ခုမျှ ဆုံးရှုံးမည် မမည်ပါ။ ကျန်းမာရေးပျက်ပြားလျှင်လည်း တစ်စုံတစ်ရာ တစ်စိတ်တစ်ပိုင်းမျှသာ ဆုံးရှုံးခြင်းမည်ပါသည်။ သို့သော် ကိုယ်ကျင့်တရားပျက်ပြားပြီဆိုပါက အရာအားလုံးဆုံးရှုံးသွားလေပြီ"ဟူ၍ ဖွဲ့ထားပါသည်။ ကိုယ်ကျင့်တရားပျက်ပြားသွားလျှင် လူပင်ဖြစ်သော်လည်း လူရာမဝင် အမြဲတမ်း မိမိကိုယ်မိမိ သိမ်ငယ်စိတ်များဖြင့် အများ၏ ဝိုင်းပယ်ခြင်းကို ခံကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်သွား ကြရမည်သာဖြစ်ပါသည်။

ကမ္ဘာ့ဘာသာကြီးလေးခုကလည်း လူများနှင့် ပတ်သက်၍ ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုသာ သွန်သင်ဆုံးမထားကြောင်း တွေ့ရှိရပါသည်။ ဗုဒ္ဓဘာသာ တရားတော်၌ ငါးပါးသီလဖြစ်သော သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူများသားမယားအား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် သူတစ်ပါးအား လိမ်လည်ခြင်းကို ရှောင်ကြဉ်ခြင်းတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံရမည်ဟူသော စကားသည် အလွန်ကောင်းမြတ်လိုက်နာသင့်သော အဆိုအမိန့်တစ်ရပ်ပင်ဖြစ်ပါသည်။ ငါးပါးသီလလုံပါက ကိုယ်ကျင့်တရားများ အလိုလိုကောင်းမွန်ပြီးသားဖြစ်ပါသည်။

ခါမတွေးခေါ်ပညာရှင် အရစ္စတိုတယ်က "Man is a Social animal"ဟု တွေးခေါ်ခဲ့ပါသည်။ လူဆိုသည်မှာ လူမှုရေးသတ္တဝါဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ မှန်ပါသည်။ လူရယ်လို့ဖြစ်လာလျှင် အနည်းဆုံး မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ မယားနှင့် လင်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ထေရ်မွန်နှင့် ဒကာ မိတ်သဟာစသည်ဖြင့် အချင်းချင်း ဆက်ဆံရမည်မှာ မလွဲပါ။ အယုတ်၊ အလတ်၊ အမြတ် မရွေး၊ လူတန်းစားမရွေး၊ လူ့အလွှာအသီးသီးသည် ကိုယ်ကျင့်တရားဖြစ်သော မြတ်သောအကျင့်အကြံ၊ လိုက်နာကြရသည့် ပြည်သူ့နီတိတို့ကို လိုက်နာကြပြီး အချင်းချင်း ဆက်ဆံနေကြမည်ဆိုပါက ဤကမ္ဘာလောကကြီးသည် မြေကြီးပေါ်မှ ကောင်းကင်ဘုံဖြစ်သွားပါလိမ့်မည်။

စာရေးသူသည် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန "စသုံးလုံး"တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းသို့ တာဝန်ထမ်းဆောင်စဉ် တွေ့ကြုံရသော ကိုယ်ကျင့်တရားပျက်၍ အကျိုးယုတ်ရသော သာဓကများမှာ ပြောပြ၍ မကုန်လောက်ပင်ဖြစ်ပါသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများကို ချိုးဖောက်ကြသူများမှာလည်း ကိုယ်ကျင့်တရား ပျက်ပြားကြသူများပင်ဖြစ်ပါသည်။ ကိုယ်ကျင့်သီလဖောက်ဖျက်ခဲ့ကြသူများလည်း ဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေး ဖော်ထုတ် အရေးယူခဲ့ရပါသည်။ တရားရုံးသို့ တရားစွဲဆို တင်ပို့လျှင်လည်း "စသုံးလုံး"မှ တည်ဆောက်ပေးပို့သည့် အမှုများမှာ ရာနှုန်းပြည့်နီးပါး မှန်ကန်ပြီး အထောက်အထား ပြည့်ပြည့်စုံစုံရှိမှ တင်ပို့ခြင်းဖြစ်၍ ပြစ်ဒဏ်ကျခံ ရခြင်းများပါသည်။

ယင်းသို့ ပြစ်ဒဏ်ကျခံရလျှင် အချုပ်သားဘဝဖြင့် အကျဉ်းသားဘဝများ၌ ၎င်းတို့သည် သားကွဲမယားကွဲ၊ ဆွေတကွဲ၊ မျိုးတကွဲ ဖြစ်သွားရခြင်း၊ မိမိအိမ်မဟုတ်သော အကျဉ်းစခန်းထောင်ထဲတွင် မိမိမလုပ်ချင်သော အလုပ်များကို လုပ်နေရခြင်း၊ မိမိမနေချင်သော သူများနှင့် အတူနေရခြင်းစသည့် ဒုက္ခများသည် မည်မျှဆင်းရဲပင်ပန်းကြမည်ကို မှန်းဆနိုင်ပါသည်။ စာရေးသူအနေဖြင့် စသုံးလုံး အရာရှိဘဝဖြင့် မိမိဖမ်းဆီးထားသော ပုဂ္ဂိုလ်ကို ထောင်ထဲသို့ သွားရောက်စစ်ဆေးရခြင်းရှိပါသည်။ ယင်းသို့ စစ်ဆေးရသောအခါ ထောင်တွင်းရှိ သန့်ပြန့်သော ရုံးခန်းအတွင်း ထောင်မှ ကျွေးမွေးညှော်ခံသော ထမင်းဟင်းစားကောင်းဖွယ်ရာကောင်းများကို စားသောက်ပြီး တပည့်တပန်းနှင့် စစ်ဆေးနေရသော်လည်း ပျော်ရွှင်မှုလုံးဝမရှိဘဲ တစ်စက္ကန့် တစ်မိနစ်မျှပင် နေထိုင်လိုသည့် ဆန္ဒမရှိသည်ကို ထောက်ရှုလျှင် ကိုယ်ကျင့်တရားပျက်ပြား၍ ထောင်ထဲရောက်ကြရသော အချုပ်သား၊ အကျဉ်းသားများအနေဖြင့် မည်မျှထိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကြမည်ကို တွေးတောမှန်းဆမိပါသည်။ သို့ဖြစ်၍ ကိုယ်ကျင့်တရား ပျက်ပြားအောင် မိမိကိုယ်ကို မိမိထိန်းသိမ်းသင့်ပါကြောင်း၊ ကိုယ်ကျင့်တရားပျက်ပြားပါက အချို့ကိစ္စများကို အများသူငှာမသိနိုင်သော်လည်း မိမိကိုယ်တိုင်နှင့် ဘုရားရှင်သိရှိမည်ဟု မှတ်ယူသင့်ပါကြောင်း တင်ပြလိုပါသည်။

ဗုဒ္ဓဘာသာကျမ်းဂန်များတွင် မိမိအကျိုးကိုသာ ကျင့်သောသူ၊ သူတစ်ပါးအကျိုးကိုသာ ကျင့်သောသူ၊ အကျိုးနှစ်မျိုးလုံးကို ကျင့်သောသူ၊ မိမိအကျိုး၊ သူတစ်ပါးအကျိုးနှစ်မျိုးလုံးကို ကျင့်သောသူဟူ၍ လေးမျိုးရှိရာ အကျိုးနှစ်ပါးလုံးကို ကျင့်သောပုဂ္ဂိုလ်သာဖြစ်သင့်ပါကြောင်း၊ ငါသည် လူသားလောက ကောင်းရာကောင်းကြောင်း ကောင်းကျိုးအတွက်နှင့် မိမိအတွက် အလားအလာကောင်းများ ဖန်တီးရမည်ဆိုသည့် ရည်ရွယ်ချက်ထားရှိသင့်ကြောင်း၊ လောကတွင် မည်သူ့ကိုမျှ အကောင်းမမြင်သောသူသည် မည်သူ၏အကောင်းမြင်ခြင်းကိုမျှ ခံရလိမ့်မည်မဟုတ်ဟု ခံယူသင့်ကြောင်း လောက၌ အမြဲတမ်း အကောင်းဆုံးဖြစ်မနေနိုင်သော်လည်း ပုံမှန်ကောင်းနေရန် လိုအပ်သည်ဟု ခံယူသင့်ကြောင်း၊ လောက၌ မပြည့်စုံ၍လည်းကောင်း၊ ပြည့်စုံသူများကလည်း ပိုပြီးပြည့်စုံလို၍လည်းကောင်း၊ ကိုယ်ကျင့်တရားဖောက်ဖျက်မိတတ်ကြရာ ယင်းထဲတွင် မိမိမပါဝင်စေရေးဟူသော ခံယူချက်၊ ငါသည် ကိုယ်ကျင့်တရားကို မဖောက်ဖျက်ဘဲ အမြဲတမ်း ကောင်းမှုကို မြတ်နိုးပြီး ကောင်းအောင်ကြိုးစားနေမည် "ငါ့စိတ်ကို ငါနိုင်သည်၊ ငါ့စိတ်ကို ငါနိုင်သည်၊ ငါ့စိတ်ကို ငါနိုင်သည်"ဟူသော ဂါထာကို ကိုယ်ကျင့်တရားပျက်ပြားစေသော အပြုအမူမျိုးပြုလုပ်မိမည့် အခြေအနေမျိုး ရောက်သည့်အခါတွင် ရွတ်ဆိုပြီး မပြုလုပ်မိစေရန် သတိပြုမှု နေထိုင်သင့်ကြောင်း အကြံပြုလိုပါသည်။

ဤလောက၌ လူသားတိုင်း လူသားတိုင်းသည် ကောင်းမှုကိုမြတ်နိုးပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ ကိုယ်ကျင့်သီလမြဲမြံမည်ဆိုပါက မိမိ၏မိသားစု မိမိ၏ မိသားစုများရှိနေသည့် ရပ်ကွက်၊ ကျေးရွာ၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံ၊ ဤကမ္ဘာကြီးသည် ငြိမ်းချမ်းသာယာပြီး ဗြဟ္မစိုရ်တရားထွန်းကားသော အလွန့်အလွန် နေချင်စဖွယ်ဖြစ်သော ကမ္ဘာကြီးဖြစ်လာမည်ဖြစ်ပါ၍ ကန်တော်မင်းဆရာတော်၏ ဆုံးမစာပါအတိုင်း "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်စေမင်း"ဟူသည့် ဆုံးမစာကို လူသားတိုင်း မြေဝယ်မကျ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထားရှိကျင့်ကြံပြုမူနေထိုင်သွားကြသင့်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

## သိပ္ပံနှမ်းနက် ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှု လျှော့ပါးစေရေး ပညာပေးဆွေးနွေးပွဲကျင်းပ

**အောင်လံ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျောက်ပန်းတောင်းကျေးရွာအုပ်စု စခန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီ၌ မိဆူဘီရှီ ကော်ပိုရေးရှင်း(ဂျပန်)နှင့် အောင်ကျွန်းသာ ကုမ္ပဏီတို့သည် အောင်လံမြို့နယ်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဦးစီးဌာန၊ ကုန်သည်ကြီးများအသင်းနှင့် မြန်မာ့ဩဘာလုပ်ငန်းစုမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ နှမ်းစိုက်တောင်သူများအား ကုန်သွယ်မှုဖြစ်စဉ်နှင့် ဓာတုပိုးသတ်ဆေးများ၏ အန္တရာယ်များကိုကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးခဲ့ကြရာ ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူစုစုပေါင်း ၂၂၀ တို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**


**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၁၂/၂၀၁၅)**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-037(15-16) | Derrick Shaker Screens (6)Items ExZJ 50D Drilling Rigs | US$ |
| (၂) | IFB-038(15-16) | Gun Drill Reammer (2)Nos | US$ |
| (၃) | IFB-039(15-16) | Spares for EMSCO Drive Group (3) Items | US$ |
| (၄) | IFB-040(15-16) | Spares for HDD Rig (19)Items | US$ |
| (၅) | IFB-041(15-16) | Spares for Rotating Accessories (13) Items | US$ |
| (၆) | IFB-042(15-16) | Spiral Integral Blade Stabilizer and Inside BOP (3)Items | US$ |
| (၇) | IFB-043(15-16) | Assorted Sizes of Rotary and Hydraulic Hoses (11)Items | US$ |
| (၈) | DMP/L-006(15-16) | Oil Suction and Discharge Hose Pipe (2)Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆




# မိုးအဆက်မပြတ်ရွာသွန်း၍ တံတား ခုနစ်စင်း ရေထဲမျောပါ



**မင်းတပ် ဩဂုတ် ၂**

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတပ်-ကန်ပက်လက် လမ်း၃၁ မိုင် ၆ ဖာလုံရှိ ချီချောင်း သံပေါင်ဘေလီ တံတားအလျားပေ ၉၀၊ အကျယ် ၁၂ပေ၊ ရှစ်ရွာ-တွီလီရွာကြားရှိ မုန်းချောင်း သံဘေလီ တံတားအလျားပေ ၁၇၀၊ အကျယ် ၁၂ ပေ၊ ပန်းအော့ရွာ-လိုယောရွာကြားရှိ အမ်လောင်းချောင်းကြိုးတံတား အလျား ၁၈ ပေ၊ အကျယ် လေးပေ၊ ကြာလေလှိုင်းရွာ-ဒုမ်ဒိုရွာကြားရှိ မရှိန်လောင်းချောင်း ကြိုးတံတား အလျား ၈၀ ပေ အကျယ် ၄ ပေ၊ ချွတ်ရွာ-ဟီးလောင်းရွာကြားရှိ မလှေးလောင်း ကြိုးတံတား အလျား ၁၂ ပေ၊ အကျယ် လေးပေ၊ ကြက်ဥတင်ရွာ-စံလယ်ကြီးရွာကြားရှိ ယောချောင်းကြိုးတံတား အလျား ၃၅ ပေ အကျယ် လေးပေနှင့် ကန်ပက်လကမြို့-ပူကွန်းရွာကြားရှိ ချီချောင်းကြိုးတံတား အလျားပေ ၁၂၀ အကျယ် လေးပေ စုစုပေါင်း တံတား ခုနစ်စင်း ရေထဲမျောပါခဲ့ကြောင်း သိရသည်။

**(မင်းတပ် ပြန်/ဆက်)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး

**တောင်ကြီး ဩဂုတ် ၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့နယ် အေးသာယာမြို့ သစ်တောစိုက်ကွင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက အမှာစကားပြောကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာမှု၊ ဆင်းရဲနွမ်းပါးမှု၊ သစ်တောများကိုခုတ်ထွင်ပြီး စိုက်ပျိုးမြေ စဉ်ဆက်မပြတ်တိုးချဲ့လာမှု စသည်များကြောင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ယိုယွင်းပျက်စီးလာပြီး သစ်တောပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ လေထုညစ်ညမ်းခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်း၊ အက်စစ်မိုးရွာခြင်း၊ ရေမြေတိုက်စားခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းများကို မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ သစ်တောသစ်ပင်များသည် ရာသီဥတုမျှတစေပြီး လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးနှင့် စိုက်ပျိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက အန္တရာယ်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကိုစုပ်ယူ၍ လူတို့ အသက်ရှင်ရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်ပေးလျက်ရှိသဖြင့် အဖိုးတန် သစ်တောသစ်ပင်များ အခွန့်ရှည်စွာ တည်တံ့စေရန်နှင့် နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန် မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စိုက်ပျိုးကာကွယ် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီးက ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးအဖွဲ့ (INGO) များသို့ ပျိုးပင်များ အသီးသီး ဖြန့်ဝေပေးအပ်ခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးကြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာနှင့် ရေသင်းဝင် စသည့် သစ်ပင်မျိုးစုံ ၁၅၀၀ စိုက်ပျိုးခဲ့ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက် ရေဘေးသင့်ပြည်သူများအား ရိက္ခာ၊ အဝတ်အထည်နှင့်ဆေးဝါးများထောက်ပံ့

**မြောင်းမြ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက်၌ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြစ်ကြသည့် စားနပ်ရိက္ခာနှင့် အဝတ်အထည်၊ ဆေးဝါးများကို ကူညီပံ့ပိုးပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၃၁ ရက်တွင် ကံ့ကော်မြိုင်ရပ်ကွက် အမှတ်(၉) ဗေယျမေဒနီအခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးဦးထွေးမြင့်၊ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်စိန်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ မီးသတ်နှင့် အမှတ်(၉၃) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဦးဝင်းကိုကိုက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန်အိတ် ၄၀၊ မျက်နှာသုတ်ပုဝါ၊ ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ ဆပ်ပြာ၊ ရေသန့်ဘူး၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အလှူငွေကျပ်ငါးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အလှူငွေကျပ် ၂၂၀၀၀၀၊ မြောင်းမြမြို့နယ် ပြည်ခိုင်ဖြိုးပါတီမှ အလှူငွေကျပ် ၁၅၀၀၀၀၊ အမှတ်(၉၃) ခြေလျင်တပ်ရင်းမှ အလှူငွေကျပ် ၁၀၀၀၀၀၊ မြောင်းမြမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ အလှူငွေကျပ် ၁၀၀၀၀၀၊ ကွယ်လွယ်ကျေးရွာ ပါတီတစ်ခုမှ အလှူငွေကျပ် ၅၀၀၀၀၊ ပြင်ပအလှူရှင်များမှ အလှူငွေကျပ် ၁၅၀၀၀ နှင့် ကြက်မွေးမြူရေးခြံများမှ စေတနာရှင်များက ကြက်ဥများ လာရောက်လှူဒါန်းလျက်ရှိကြပြီး အလှူရှင်များ၏လှူဒါန်းမှုများအား ရေဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

နောက်ဆုံးပတ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြောင်းမြမြို့ အချို့နေရာများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ကံ့ကော်မြိုင်ရပ်ကွက် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းလေးခုဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများအား အမှတ် (၉၃) ခြေလျင်တပ်ရင်းမှ ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

## ဖာပွန်မြို့နယ်တွင် လယ်ယာသုံး လက်တွန်းထွန်စက်နှင့် စပ်မျိုးစပါး၊ မြေဩဇာများ ထောက်ပံ့ပေးအပ်

**ဖာပွန် ဩဂုတ် ၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်း မျိုးသန့်စပါးများဖြင့် စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်း တိုးစေရန် ရည်ရွယ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော လယ်ယာသုံးလက်တွန်းထွန်စက်၊ မျိုးစပါးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ဖာပွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ခေတ်မီ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်း၊ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပြီး မိုးစပါးတစ်ဧက အထွက်နှုန်းတိုးရေးအတွက် မျိုးကောင်း၊ မျိုးသန့်စပါးများ စိုက်ပျိုးရေးနှင့် မြေဩဇာများကို စနစ်တကျ အသုံးပြုရေး ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော လက်တွန်းထွန်စက်အား ခရိုင်အုပ်ချုပ်ရေးမှူးမှ ပေးအပ်ရာ မထောကျေးရွာအုပ်စု၊ ငါးအိပ်စုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများမှ လည်းကောင်း၊ ပုလဲသွယ်မျိုးသန့်စပ်မျိုးစပါးများကိုလည်းကောင်း၊ တစ်ဧကလျှင်တစ်အိပ်ခွဲနှုန်းဖြင့် အသုံးပြုရန် ယူရီးယားနှင့် ပုလဲဓာတ်မြေဩဇာအိပ် ၁၀၀ ကိုလည်းကောင်း၊ တာဝန်ရှိသူများက ပေးအပ်ရာ တက်ရောက်လာကြသော တောင်သူများက လက်ခံရယူခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း(သထုံ)မှ ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံကဏ္ဍဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

**သထုံ ဩဂုတ် ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မွန်ပြည်နယ် သထုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါ ကျောင်းတွင် တွေ့ဆုံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးကဏ္ဍများ ဆောင်ရွက်ပေးနေမှုအခြေအနေများအား မေးမြန်းပြီး အနာဂတ်ကာလတွင် တိုင်းပြည်၏ သားကောင်း၊ သမီးမွန်လေးများ ဖြစ်လာစေရေးအတွက် ပညာပေး အားပေးစကားများပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတွင် ဝေးလံခေါင်ဖျားသည့် ကျေးရွာများမှ ကရင်၊ ပအိုဝ်း၊ မွန်တိုင်းရင်းသား ကျောင်းသား ၈၀ နှင့် ကျောင်းသူ ၈၀ တို့က ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ စတင်က ပညာသင်ကြားကြလျက်ရှိကြောင်း တာဝန်ခံ ကျောင်းအုပ်ကြီး ဦးမိုးကျော်၏ ပြောကြားချက်အရ သိရသည်။

**သက်ဦး(သထုံ)**

## ဆိုင်ကယ်နှင့် မသင်္ကာဖွယ် တွေ့ရှိသူအား အမှုဖွင့် စစ်ဆေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ဇူလိုင် ၃၀ ရက် နံနက် စောစောပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရမည်းသင်းမြို့ လက်ဆည်ကန်ရပ် ရန်ကုန်-မန္တလေးကားလမ်းဘေး၌ ၁၁ယ/----- ဇောင်ရှမ်း-၁၂၅ အနီရောင်ဆိုင်ကယ်နှင့် မသင်္ကာဖွယ် လူတစ်ဦးအား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရမည်းသင်းမြို့နယ် အိုင်ပုတ်ကျေးရွာနေ ဟိန်းမင်းဦး ၁၉ နှစ်ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် ၎င်းအား ရမည်းသင်းမြို့မရဲစခန်း (ပ) ၁၆၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကြေးမုံ**

# ပဲခူးမြို့အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ် ရေးအတွက် အသိပညာပေး ဟောပြောပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးမှု အန္တရာယ်မှ ကင်းဝေးစေရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များကို သိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပဲခူး) မှ ရဲအုပ်လှဖုန်းက ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းနှင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များ၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ဖွယ်အခြေအနေများ၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု ကွဲပြားခြားနားပုံ၊ လူကုန်ကူးမှုဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနှင့်ပြစ်ဒဏ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုဖြစ်စဉ်များနှင့် လူကုန်ကူးသူများ အသုံးပြုလေ့ရှိသည့်နည်းလမ်းများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ယင်း ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ စုစုပေါင်း ၂၆၀ တို့အား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ကြေးမုံ**

# ရေဘေးသင့် အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့

**မြင်းမူ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စုများထံသို့ ဇူလိုင် ၃၁ ရက်က စက်လှေများဖြင့် သွားရောက်ပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့် ကျေးရွာများဖြစ်သည့် သပြေသာ၊ ပုံညာ၊ ညောင်မြစ်၊ မေဂျာနှင့် မစုရ ကျေးရွာများမှ အိမ်ထောင်စု ၈၂၆ စု၊ အိမ်ထောင်စုဝင်ပေါင်း ၃၅၄၅ ဦးအတွက် စားသောက်ဖွယ်ရာ ထမင်းထုပ်များ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ရေဘေးသင့် အိမ်ထောင်စုများထံသို့ သွားရောက်ထောက်ပံ့ပေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်နှင့် အသင်းဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြတ်သုခလူမှုကူညီရေးအသင်းဝင်များက စက်လှေများဖြင့် သွားရောက်ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာများအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များက အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို နေ့စဉ်လှူဒါန်းလျက်ရှိသည်။

ယင်းသို့လှူဒါန်းရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြတ်သုခလူမှုကူညီရေးအသင်းဝင်များက ရေဘေးသင့်ကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ**



# မိတ္ထီလာ သီးကုန်း ၂၈၅ မိုင် အရေးပေါ်ရှေးဦးပြုစုခြင်း စခန်းအဆောက်အအုံသစ် တည်ဆောက်

**မိတ္ထီလာ ဩဂုတ် ၂**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးအမြန်လမ်း သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံသစ်အား သံမဏိကိုယ်ထည် (Steel Structure) ဖရိန်များဖြင့်တည်ဆောက်လျက်ရှိပြီး ၆ လခန့်ဖြင့် ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် အရေးပေါ် ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ကို စင်ကာပူနိုင်ငံကြက်ခြေနီအသင်းရဲ့ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်ဖြင့် ဆောက်လုပ်တာဖြစ်ပါတယ်။ လက်ရှိအဆောက်အအုံသစ်ကို ဆောက်လုပ်နေပြီး သံမဏိကိုယ်ထည်(Steel Structure) ဖရိန်တွေနဲ့ တည်ဆောက်တာ ဖြစ်ပါတယ်။ စတင်ဆောက်လုပ်တာ တစ်လခွဲကျော်လောက်တော့ရှိပြီ။ ခြောက်လခန့်နဲ့ အပြီးတည်ဆောက်သွားမှာပါ။

'အခုတော့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စက်ရေတွင်း တူးဖော်တာ၊ အုတ်ကန်တည် ဆောက်တာတွေတော့ ပြီးသွားပါပြီ။ အဆောက်အအုံအသစ် ပြီးသွားရင်တော့ ယခင်ထက် ပိုမိုအဆင်ပြေချောမွေ့စွာနဲ့ အမြန်လမ်းပေါ်ကအရေး ပေါ်ကိစ္စတွေကို ကူညီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်" ဟု မိတ္ထီလာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးက ပြောသည်။

မိတ္ထီလာ ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် ယာယီအရေးပေါ်ရှေးဦးပြုစုခြင်းစခန်းကို ရန်ကုန်မှ မန္တလေးဘက်သို့ သွားရာလမ်းဘက်အခြမ်း၌ အမြန်လမ်းထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ပိုင် အဆောက်အအုံတစ်ခုတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ယင်းယာယီအရေးပေါ်စခန်း၌ ယနေ့အချိန်အထိ အမြန်လမ်းပေါ်တွင်ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှု ၉၉ မှုကျော်တွင် ဒဏ်ရာရ လူနာများကို အရေးပေါ်ကူညီကယ်ဆယ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်းသိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# ရေနံချောင်းတွင် အမျိုးသားတစ်ဦး အိမ်သာကျင်းအတွင်း သေဆုံး

**ရေနံချောင်း ဩဂုတ် ၂**

ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာတွင် အမျိုးသားတစ်ဦး အိမ်သာကျင်းအတွင်း ဖုန်းဆင်းကောက်ရာမှ သေဆုံးသွားခဲ့ကြောင်း ရေနံချောင်းမြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၃ နာရီခွဲက ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာတွင် အမျိုးသားတစ်ဦး အိမ်သာကျင်းအတွင်းဆင်းခဲ့ရာမှ သေဆုံးသွားခဲ့ကြောင်း သတင်းအရ လက်မှတ်ကုန်းနယ်မြေရဲစခန်းမှူး ဒုရဲအုပ်အောင်ဆန်းဝင်းအခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ သိန်းမင်းကျော် အသက်(၂၉)နှစ် သုံးဆယ့်ခြောက်ကျေးရွာနေသူဖြစ်ပြီး တစ်ရွာတည်းနေ ဒေါ်စိန်ကြည်၏ အိမ်ဝင်းအတွင်းရှိ အိမ်သာကျင်းထဲသို့ ကျနေသော လက်ကိုင်ဖုန်းအား ဆယ်ပေးရန် ငွေကျပ် ၇၅၀၀ ယူ၍ အဆိုပါအိမ်သာကျင်းအတွင်း ဆင်းဆယ်ရာမှ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းအမှုစစ်ရဲအရာရှိ၏စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပက်သက်၍ လက်မှတ်ကုန်း နယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၅ ဖြင့်အမှုဖွင့်ထားသည်။

**ကြေးမုံ**








# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ဖရဲသီးဈေးကလည်း ဒီအတိုင်းပဲ၊ စကားစပ်မိလို့ ပြောရဦးမယ်၊ ကျွန်တော် ရှမ်းပြည်နယ်ဘက် အလည်သွားရင်း သိခဲ့ရတယ်၊ ကျိုင်းတုံဘက်မှာ ခရမ်းချဉ်သီးတစ်ပိဿာကို ကိုးကျပ်ပေးစားရသတဲ့၊ ရန်ကုန်နဲ့ မန္တလေးမှာတောင် ရာသီလိုက်ပြီး ခရမ်းချဉ်သီး တစ်ပိဿာကို ပြားလေးဆယ် ခြောက်ကျပ်လောက် ပေးဝယ်ရတယ်၊ ဒီရာသီမှာ မကွေးဈေးကျတော့ တစ်ပိဿာကို ပြားအစိတ်လောက်ပဲရှိတယ်၊ အဲဒါတောင် ဝယ်မယ့်လူ မရှိဘူး"

အဘိုးကြီးက ပါးစပ်ကြီး ဟပြီး ကိုသက်ခိုင်ကို ကြည့်၏။ ထို့နောက် အံ့သြစွာနှင့် မေးသည်။

"ဆရာ. . . အဲဒါတွေကို ဘယ်လိုလုပ် သိသလဲ"

"စိတ်ဝင်စားလို့လို့ ဆိုပါတော့ ဦးရယ်၊ ဆက်ပြောရဦးမယ်၊ ကျွန်တော်က ခရမ်းချဉ်သီးကိုသာ နမူနာအနေနဲ့ ပြောပြနေတာ၊ ကျန်တဲ့အသီးအနှံတွေမှာလည်း သဘောက အတူတူပါပဲ၊ ကျွန်တော်တို့ တောင်သူလယ်သမားကြီးတွေဟာ အရိုင်းပင်ကို အရိုင်းနည်းနဲ့ စိုက်ပြီး အရိုင်းသီးကို အရိုင်းဈေးနဲ့ပဲ ရောင်းနေကြရရှာသေးတယ်၊ မျိုးရွေးတာက စပြီး စိုက်တာ. . . ပျိုးတာ. . . ခူးတာ. . . ဆွတ်တာ. . . သိမ်းတာ. . . ဆည်းတာ. . . ဖြန့်ဖြူးရောင်းဝယ်တာကစပြီး သိပ္ပံနည်းကျကျနဲ့ ပြုလုပ်နိုင်တာတွေ ရှိတယ်၊ ကမ္ဘာမှာ ခရမ်းချဉ်သီးတို့. . . ဖရဲသီးတို့. . . ငှက်ပျောသီးတို့. . . သရက်သီးတို့ကို အရုပ်ထု ဆေးဆိုးပြီး မျက်စိနဲ့တင် အရာသာခံ တင်းတိမ်နေရတဲ့ နိုင်ငံတွေအများကြီးရှိတယ်၊ ကျွန်တော်တို့ ပြည်မှာက ပေါများနေတယ်၊ ဒါပေမဲ့ စိုက်ပျိုးထုတ်လုပ်သူတွေက ငတ်နေ မွဲနေရတယ်"

အဘိုးကြီးက ခေါင်းတညိတ်ညိတ်နှင့် ဆက်လက် နားထောင်နေ၏။

မောင်စောနောင်ကမူ ကိုသက်ခိုင်ကို မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်။ ကိုသက်ခိုင် ဤမျှစကားရှည်ရှည် ပြောနိုင်သည့်အတွက်မူ မအံ့သြ။ ကထိကတို့မည်သည် စကားပြောနိုင်၊ ပြောတတ်ကြသော လူတန်းစား ဖြစ်သည်။ သူ အံ့သြသည်ကား သူ့ဖခင်ကဲ့သို့ ကိုယ်တစ်ခြမ်းသေ၍ မျက်လုံးလည်းကန်းနေကာ ဘဝအတွက် မျှော်လင့်ချက်ကင်းစွာနှင့် ဆင်းရဲတွင်းနက်နေသူ တစ်ဦးကို အဖက်လုပ်ပြီး အရေးတယူ ပြောနေခြင်းကို ဖြစ်သည်။ တစ်ဖန် ကိုသက်ခိုင် ပြောနေသော အကြောင်းအရာများကိုလည်း ဆင်စွယ်နန်းတော်ပေါ်မှ ကထိကတစ်ဦး၏ နှုတ်မှ ကြားရလိမ့်မည်ဟု မောင်စောနောင်သည် လုံးဝ မမျှော်လင့်ခဲ့။

ကိုသက်ခိုင်က ဆက်ပြောသည်။

"ဒီပြဿနာတွေကို ဖြေရှင်းဖို့က စိုက်ပျိုးရေးနယ်ဆိုကို သိပ္ပံပညာဝင်ရမယ်၊ စိုက်ပျိုးခြင်းဆီကိုလည်း ဝင်ရမယ်၊ သိုလှောင်ခြင်းဆီကိုလည်း ဝင်ရမယ်၊ ဖြန့်ဖြူးခြင်းဆီကိုလည်း ဝင်ရမယ်၊ သုံးဖက်စလုံးဆီ ဝင်ရမယ်၊ တစ်ဖက်တည်းဆီ ဝင်နေရုံနဲ့ အကျိုးမထူးနိုင်ဘူး၊ တစ်ခါတလေတော့ သိုလှောင်ခြင်းနဲ့ ဖြန့်ဖြူးခြင်းဟာ ပိုအရေးကြီးနေတယ်လို့ ထင်မိတယ်၊ ယေဘုယျပြောရရင် ကျွန်တော်တို့နိုင်ငံဟာ ရာသီဥတုရော မြေအကျယ်အဝန်းနဲ့ မြေဩဇာဘက်မှာရော သင့်တင့်ပါတယ်လို့ ဆိုနိုင်ပါတယ်၊ ကျွန်တော်တို့ တောင်သူလယ်သမားကြီးတွေ အထူးသဖြင့် မိုးခေါင်ရေရှားအရပ်က တောင်သူလယ်သမားကြီးတွေဟာ ဇွဲ လုံ့လ ဝီရိယနဲ့ ပြည့်စုံကြပါတယ်၊ သူတို့ရဲ့ ရှုထောင့်ကနေကြည့်ရင် သီးနှံ ပိုမိုထွက်ရေးထက် ထွက်သမျှ အကျိုးခံစားခွင့်ရှိရေးက ပိုအရေးကြီးနေတယ်၊ မနက်ကဈေးမှာ ကျွန်တော် တွေ့ခဲ့ရတဲ့ ကိုင်းသမားကြီးလို့ အသီးအနှံတော့ ထွက်အောင် သူကြိုးစားခဲ့ပြီးပါပြီ၊ ထွက်လည်း ထွက်နေပါပြီ၊ ဒါပေမဲ့ ရာသီချိန်မှာ ကုန်လှိုင်တော့ ဝယ်အားထက် ရောင်းအားက ကြီးနေတယ်၊ ဒီတော့ ဈေးက မရဘူး၊ ကုန်ကလည်း ပုပ်ကုန်ဖြစ်နေတယ်၊ ချဉ်သီးပင်အောက် ချဉ်သီးရှားတယ် ဆိုတဲ့ စကားပုံရှိတယ်၊ အမှန်က ဒီစကားပုံက ခြွင်းချက်အဖြစ်နဲ့သာ မှန်ပါတယ်၊ ယေဘုယျကတော့ ချဉ်သီးပင်အောက် ချဉ်သီးပေါနေပြီး ချဉ်သီးပင်နဲ့ဝေးရာမှာ ချဉ်သီးရှားနေတယ်၊ ဆိုလိုတာက ထုတ်လုပ်တဲ့ တောင်သူလယ်သမားမှာလည်း အကျိုးမရှိ၊ စားသုံးသူတွေအတွက်လည်း ရာသီချိန်မှာ ပေါပေမယ့် ကျန်တဲ့အချိန်မှာ ငတ်နေရတယ်၊ တစ်နေရာမှာ ပေါနေပေမယ့် တစ်နေရာမှာ ရှားနေရတယ်၊ ဒါကြောင့်မို့လည်း သိုလှောင်ခြင်းနဲ့ ဖြန့်ဖြူးခြင်းဟာ ပိုအရေးကြီးတယ်လို့ ကျွန်တော် ထင်မိတာပါ၊ ခက်တာက ဒီအချက်တွေကို တက်ခဲ့တဲ့ အစိုးရတိုင်း မမြင်ဘူး၊ တစ်ခါ ပညာရေးလောကက လူတစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်တို့ ပညာရေးစနစ်မှာလည်း ဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ ပညာရပ်တွေကို မသင်ပေးနိုင်ဘူး၊ သင်ပေးရကောင်းမှန်းလည်း မသိဘူး၊ သင်ယူချင်တဲ့ လူငယ်တွေလည်း မရှိသေးဘူး"

စိတ်ဝင်စားစွာ နားထောင်နေရာမှ အဘိုးကြီးသည် တစ်စုံတစ်ရာကို ကွက်ကျော်မြင်ဘိသည့်အလား တက်ကြွစွာနှင့် တိုက်တွန်းသည်။

"ဟုတ်ပြီ ဟုတ်ပြီ ဆရာ. . . ဦး သဘောပေါက်လာပြီ၊ ဦးက သုံးခါကျ ပြဿနာကို စမေးတယ်၊ ဆရာက ဒီထိအောင် နိဒါန်းအခြေရှည်ရှည်ပျိုးတယ်၊ ဒီတော့ ဆက်ပါ ဆရာ၊ ဦး နားထောင်နေတယ်"

"ကျေးဇူးတင်ပါတယ် ဦးရယ်၊ ကျွန်တော်လည်း နိဂုံးချုပ်ပါတော့မယ်၊ ဦးက စောစောက ပြောတယ်၊ ဦးတို့က သားကို အငတ်ခံပြီး ကောလိပ်ပို့တယ် ပြောတယ်၊ မှန်ပါတယ်၊ ဒါပေမဲ့ ဦးတို့လို ကျောင်းသားမိဘတွေ ကုန်ရတဲ့ငွေက ကျောင်းလခ၊ စာအုပ်ဖိုး၊ ကျောင်းဆောင်နေရင် ကျောင်းဆောင်ခ၊ နောက် မုန့်ဖိုးနဲ့ ဝတ်စားဆင်ယင်စရိတ်၊ ခရီးစရိတ်၊ ဒါလောက်ပါပဲ၊ အဲဒီစရိတ်တွေအနက် ကျောင်းလခကလွဲရင် ကျန်တာက ကိုယ့်သားသမီးအတွက်ချည်းပဲ ကုန်တာ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးရန်ပုံငွေထဲ ဝင်သွားတာ မဟုတ်ဘူး၊ ကျောင်းလခ ဆိုတာဟာလည်း ပညာရေးဘဏ္ဍာရေးရန်ပုံငွေ သမုဒ္ဒရာမှာ မိုးတစ်ပေါက်လောက်ပဲ အရာရောက်တယ်၊ ကျန်တဲ့ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာလို ပညာရေးဘဏ္ဍာရန်ပုံငွေထဲ အလုံးအရင်းနဲ့ စီးဝင်ရောက်လာတဲ့ ငွေတွေက ရှေးဆွေခုနစ်ဆက် နောက်ဆွေခုနစ်ဆက် တက္ကသိုလ်ကို မရောက်ဖူးတဲ့၊ မရောက်လိမ့်မယ့် တောင်သူလယ်သမားကြီးတွေရဲ့ အခွန်ငွေကလာတယ်၊ ဒါပေမဲ့ သူတို့ခမျာများက မကွန့်ကွက်ကြဘူး၊ ကန့်ကွက်ရ ကောင်းမှန်းလည်း မသိဘူး၊ မသိတဲ့အပြင် သူတို့ငွေနဲ့ တက္ကသိုလ်က ဘွဲ့ရလာပြီး အရာရှိဖြစ်လာတဲ့ လူတွေကိုဆီးကြို ရှိခိုးနေကြရရှာသေးတယ်၊ ဘယ်သူတွေက ပိုငိုဖို့ကောင်းနေပါသလဲဦး"

အဘိုးကြီးသည် မဖြေ။ မမြင်ရသော မျက်လုံးကြီးများကသာ မိုးကောင်းကင်ဆီသို့ ကြောင်ကြောင်ကြီး လှမ်းကြည့်နေသည်။

မောင်စောနောင်က ကြားဝင်ဖြတ်မေး၏။

"အဲဒါနဲ့ သုံးခါကျပြဿနာဟာ ဘယ်လိုဆိုင်နေသလဲ ဆရာ"

"ဆိုင်နေတာပေါ့ မောင်စောနောင်၊ သုံးခါ မပြောနဲ့. . . တစ်ခါကျရုံနဲ့တောင် ကျောင်းသားတစ်ဦးဟာ အခွန်ထမ်း တောင်သူလယ်သမားတွေရဲ့ငွေကို အများကြီး ဖြုန်းပစ်လိုက်ပြီးနေပြီ၊ ကမ္ဘာမှာ ခေရှင်နိုင်ငံတွေမှာရော၊ ဆိုရှယ်လစ်နိုင်ငံတွေမှာရော သုံးခါကျမပြောနဲ့ တစ်ခါကျကိုတောင် သည်းမခံဘူး၊ တစ်ခါကျဖို့ မပြောနဲ့. . . တက္ကသိုလ်အထက်တန်းပညာရဖို့ လူတိုင်းကို ခွင့်မပြုဘူး၊ ဉာဏ်ပညာ ထက်မြက်ပြီး စာရိတ္တကောင်းသူတွေကိုသာ ရွေးချယ်ပြီးကန့်သတ်ခွင့်ပြု လက်ခံတယ်။

**ဆက်လက်ဖော်ပြပါမည်**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ကယားပြည်နယ်(အရပ်ဖ)မှော်ရုံ
## တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ်(အရပ်ဖ)မှော်ရုံကြီးတွင် တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူ/ပြည်နယ်သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ကျောင်းသူ/ကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-(၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်)၊ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)

အချိန်-၉း၃၀နာရီ၊ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့်တရားတော်နာယူခြင်း၊ ၁၀း၃၀နာရီ ဆွမ်းဆက်ကပ်ခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း၊

(သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန်စီစဉ်ထားပါသည်။)

ဂေါပကအဖွဲ့



**မြေကွက်များဝယ်လိုသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်

(အရှေ့ပိုင်း၊ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)

မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

-၀၉-၄၄၈၀၂၅၇၄၂

၀၉-၄၂၀၁၀၇၀၂၁

၀၉-၇၃၂၃၄၆၅၆



**ချမ်းမြိုင်သာဇာ** 562829,09-73198239 569782,09-45006779

- ရွှေတောင်ပြိုးမွဲတော်(သီးသန့်) (၂/၃)
- ရွှေတောင်ပြိုးမွဲတော်၊ မန္တလေး၊ ပြင်ဦးလွင် (၃/၄)
- ရွှေတောင်ပြိုး မန္တလေး၊ ပြင်ဦးလွင်၊ ဝစ်ကိုင်း၊ ရုံရွာ (၄/၅)
- ရွှေတောင်ပြိုး၊ မန္တလေး၊ ဝစ်ကိုင်း၊ ပုဂံ၊ ပုပ္ပါး (၄/၅)

ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။

ချောင်းသာ (အငူ သောကြာ)



Glory Hope Education Centre

အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင်Professional

ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

EPS - TOPIK

(ကိုရီးယားဘာသာစကားအရည်ချင်းစစ် စာမေးပွဲ)

ပညာအရည်ချင်းမလိုဘဲ

သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- လစာ(၁၅)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
- မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာKim သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစာမေးပွဲအောင်မြင်သည်ထိတာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၉.၈.၂၀၁၅)နေ့နောက်ဆုံးလက်ခံပါမည်။

တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။

လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)၃ထပ်၊ အထက်ပုဇွန်တောင်လမ်း

ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂

ကမာရွတ် ၅၁၂၈၀၄၊ ၀၉၃၀၀၉၃၅၉၂၊ ၀၉၇၉၅၈၃၂၁၀၀

(အစီးဆုံး အရည်ချင်းစစ် စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စတင်လက်ခံနေပါပြီ)



## တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
## UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ

### ပညာရေး ဆွေးနွေးပွဲ

- တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
- မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ၊

*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင်အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*

| | | |
|---|---|---|
| ဟောပြောမည့်သူ | ..... | ဦးဝင်းထိန်ဝင်း (GUSTO International College) |
| နေ့ရက် | ..... | ၆.၈.၂၀၁၅ (ကြာသပတေးနေ့) |
| အချိန် | ..... | နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ |
| နေရာ | ..... | Sule Shangri - La Hotel (တောင်ငူခန်းမ) |

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်

Call Now : 09 8628806, 09 73031302,01 504632



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၃၈၄/ခ၊ ငကြွဲ(၁)လမ်း၊ (ဏ-၁၄)ရပ်ကွက်၊ ပန်းခြံ(၉)အကျယ်အဝန်းပေ(၂၀×၆၀)ရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်အုံးငွေ [၁၂/လမန(နိုင်)၀၉၃၉၁၄]အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ယခုအပိုင်ရောင်းချသူ ဦးဇော်ထွန်းအောင်[၁၄/ဘကလ(နိုင်)၁၄၂၅၅၁]က ဆက်စပ်စာချုပ်အရ မိမိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုပြောဆို၍ ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် (၇)ရက်အတွင်း ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာဝင်း(စဉ်-၁၀၁၂၆)** (LL.B,DBL,DML) Human Resources Management တရားလွှတ်တော်ရှေ့နေ

**ဒေါ်မိတင်ဇာလင်း(စဉ်-၁၀၄၉၁)** (LL.B,DBL,DML,DIL) Human Resources Management အထက်တန်းရှေ့နေ

**အမှတ်-၂၄(A-7)၊ သြဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၂၈၅၈၂၊ ၀၉-၇၃၁၃၅၂၆၄**

# ဝါဆိုလပြည့်နေ့ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်ဘုရား ဘုရားဖူး ပြည်သူများဖြင့်စည်ကား

**စစ်ကိုင်း ဩဂုတ် ၂**

မြန်မာလူမျိုးများ၏ ကိုးကွယ်ယုံကြည်ရာ ဝါတွင်းကာလ ဘာသာရေးပွဲတော်များအနက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် မြတ်စွာဘုရားစေတီ၌ ကျင်းပသည့် ဘုရားပွဲတော်သည် ပထမဦးဆုံးပွဲတော်ဖြစ်ပြီး ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိကြောင်းသိရသည်။

“ကျွန်မတို့က သာစည်မြို့နယ်ကနေပြီး ပုညရှင်ဘုရားကို လာရောက်ဖူးမြော်ကြတာပါ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကနေပြီး ဒီဘုရားကို ဘုရားဖူးရောက်ပါတယ်။ အခုတော့ မရောက်ရသေးတဲ့ မိသားစုတွေကိုစုစည်းပြီး ဦးဦးဖျားဖျား လာရောက်ဖူးမြော်တာပါ။ စစ်ကိုင်းမြို့ထဲစပြီး ဝင်ရောက်လာ တယ်ဆိုရင်ပဲ ကားတွေရော၊ ဆိုင်ကယ်တွေရော၊ ထပ်ညှပ်ပြီး တော်တော်လေး လာရောက်ရတယ်။ ယခင်က အခြေအနေနဲ့ အခုလာရောက်ရတဲ့ အခြေအနေတွေက မတူတော့ဘူး အခုဆို မျက်စိတောင်လည်သွားတယ်။ လမ်းပန်းဆက်သွယ်ရေးတွေကလည်းကောင်း၊ ဒီဘုရားရဲ့ ပြင်ဆင်မှုအပိုင်းတွေကလည်း မမှတ်မိနိုင်လောက် အောင်ဖြစ်နေရတယ်။ ကြားဖူးတာတော့ရှိတယ်။ ဒီဆွမ်းဦးပုညရှင် မြတ်စွာဘုရားရုပ်ပွားတော်ရှေ့မှာ ဘယ်သူတွေပဲဖြစ်ဖြစ် ဆွမ်းဦးကပ်မယ်ဆိုပြီး မအိပ်မနေဘဲ ထိုင်စောင့်ပြီးဆွမ်းကပ်မယ်ဆိုရင်လည်း ကိုယ့်ထက်ဦးသွားတဲ့ လူတွေက ဆွမ်းကပ်ပြီးသားဖြစ်နေတယ်တဲ့ လူတွေလား၊ နတ်တွေလားတော့မသိပါဘူး။ ဒါကြောင့်လည်းတော်တော်စည်ကားနေတာပဲလို့ ထင်မိပါတယ်။ ကျွန်မတို့ မိသားစုတွေလည်းဒီဘုရားကို ဖူးမြော်ကြမယ် ပြီးရင်ဥမင်သုံးဆယ်ဘုရားကိုဖူးမယ်။ ပြီးရင်တော့ကျွန်မတို့မိသားစုတွေ ဒီညမှာ အသိဘုန်းတော်ကြီးကျောင်းမှာ ညအိပ်ပြီး နေရပ်ကို ပြန်မှာပါ” ဟု ဘုရားဖူးလာသူတစ်ဦးကပြောသည်။

**ဓော်မြင့်နိုင်**

# တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းအက်ကွဲ၍ မြေပြိုမှုများဖြစ်ပွား

**ဟားခါး ဩဂုတ် ၂**

ယခုရက်ပိုင်းအတွင်း မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ချင်းပြည်နယ်အတွင်း လမ်းတံတားများပြိုကျပျက်စီးခြင်း၊ မြေပြိုခြင်းဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၃၀ ရက်က ဟားခါး-ဖလမ်းကားလမ်း မိုင်တိုင်အမှတ် (၁၀၇/၀)နေရာ၌ တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းအက်ကွဲ၍ မြေပြိုမှုများဆက်လက်ဖြစ်ပွားခဲ့ရာ အဆိုပါနေရာသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားဒေသခံပြည်သူများအနေဖြင့် သတိ၊ ဝီရိယကြီးစွာထား၍ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာကြရေး လမ်းအူကြောင်း အသစ်များစောလျင်စွာ အမြန်ဆုံးရှာဖွေဖောက်လုပ်နိုင်ရေး လိုအပ်သည့် စက်ယန္တရားများနှင့် လုပ်သား အင်အားများ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က မိမိတို့၏ လုပ်ငန်းတာဝန်များအလေးထား ဆောင်ရွက်သွားရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အလားတူ မင်းတပ်၊ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် အခြားမြို့များ၌လည်း လမ်း၊ တံတားများ ပြိုကျပျက်စီးခြင်း၊ လယ်မြေကွက်များ၊ ငါးကန်များ ရေလွှမ်းပျက်စီးခြင်း၊ လူနေအိမ်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ကူညီပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်အလိုက် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃၁ ရက်က ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်ရှိ တော်လှန်ရေးရေကန်အတွင်း ရှန်းတောင်မှ ရွံ့ရေနှင့်သစ်ပင်များ မျောပါလာကာ ရေကန်ပြည့်လျှံမှုကြောင့် လူနေအိမ်နှစ်လုံး ပြိုကျပျက်စီးသဖြင့် ကျန်အဆောက်အအုံများ ဆုံးရှုံးမှုထပ်မံမဖြစ်ပွားစေရေး ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ကြီးကြပ်၍ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ရှင်းလင်းခြင်းနှင့် ယင်းပတ်ဝန်းကျင်ရှိ ပြည်သူတို့ အား ဘေးလွတ်ရာမြို့သစ်ရပ်ကွက် အ-ထ-က(၂)သို့ ယာယီပြောင်းရွှေ့နေထိုင်ရေး စီစဉ်ပေးခဲ့သည်။



ဟားခါးမြို့တွင် ဇူလိုင် ၃၁ ရက်အထိ သဘာဝဘေးသင့် ဒုက္ခသည်ပြည်သူ ၃၀၀ ခန့်အတွက် ခိုင်ကမ်းအားကစားရုံ၊ ကာဆင်ဟောလ်၊ လက်ဖက်ပြခန်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများ၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးတို့ကို ပြည်နယ်အစိုးရအဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

# မုံရွာမြို့တွင် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေ

**မုံရွာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ဆည်အချို့ရေလျှံခြင်း၊ ဆည်မြောင်းပေါင်အချို့ ကျိုးကျခြင်း၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်နှင့် မူးမြစ်များ ရေလျှံကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မြစ်ရေများဝင်ရောက်ခဲ့ရာချင်းတွင်းမြစ်သည် ဇူလိုင် ၃၁ ရက် မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်ကို ကျော်လွန်ပြီး ၁၀၄၂ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် မုံရွာမြို့တွင် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြစ်ရေဝင်ရောက်နိုင်သည့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် ဘုရားကြီးရပ်ကွက်အနီး ထန်းတောစက်လှေဆိပ်အနီးရှိ တာရိုးနေရာတွင်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် အောင်မင်္ဂလာအဝိုင်းပတ်ကြားရှိ တာပေါင်လမ်းတွင် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းများမှအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများပါဝင်သည့် ပူးပေါင်းအဖွဲ့များသည် ရေများ ဝင်ရောက်နိုင်သည့်နေရာများတွင် သဲအိတ်များကာရံခြင်း၊ ရေစိမ့်ထွက်မှုမရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေကင်းများ ၂၄ နာရီ ချထားစောင့်ကြပ်ခြင်း၊ သဲအိတ်များစုဆောင်းထားရှိခြင်း၊ ရေစိမ့်ပေါက်များတွင် သဲအိတ်များ ချထားခြင်းများ ဆောင်ရွက်လျက်ရှိရာ စေတနာရှင်များမှလည်း သဲအိတ်များလှူဒါန်းပေးပို့လျက်ရှိသည်။ **(တိုင်းဒေသပြန်/ဆက်)**

**အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင် နဲ့သွားကြစို့**

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉)သိန်း

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

၁၁/၁၂ရက်ခရီးစဉ် အောက်တိုဘာ ၂၆၊ နိုဝင်ဘာ ၁၆၊ ဒီဇင်ဘာ ၃၀၊ ဇန်နဝါရီ ၂၅၊ — စရန်ပေး ဦးရာလူစနစ်

၁၄/၁၅ရက်ခရီးစဉ် အောက်တိုဘာ ၇ (၁၈ လို)၊ ၃၀၊ နိုဝင်ဘာ ၂ (၂၅ လို)၊ ၂၀၊ ဒီဇင်ဘာ ၉၊ ၂၅၊ ဇန်နဝါရီ ၆၊ ၂၇၊ ဖေဖော်ဝါရီ ၃၊ ၁၀၊ ၂၄၊ မတ် ၂၊ ၁၆၊ ၂၁၊

**အောက်တိုဘာ (၇)ရက် (၁၄/၁၅ရက်)ခရီးစဉ်အား (၉.၅)သိန်းဖြင့်ပို့ဆောင်ပေးသွားပါမည်။**

ခရီးစဉ်တိုင်းတွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထားသီးသန့်စီစဉ် ပေးထားပါသည်။ နိုင်ငံကူးလက်မှတ် (၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀/-) လျှော့ပေးပါမည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ရန်စီစဉ်ပေးထားပြီး သက်ဆိုင်ရာလေဆိပ်၊ ကားဂိတ်များသို့ အကြို အပို့ပြုလုပ်ပေးပါသည်။ ခရီးစဉ်တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါး နှင့် Tour Leader တစ်ဦး အမြဲပါရှိပါမည်။

ဟိုတယ်(၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။

လိုင်စင်အမှတ်-ခ-၂၀၁၅ မှတ်ပုံတင်-၃၃၀/၂၀၀၅-၂၀၀၆(ဂျာ)

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၀၁-၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉-၄၉၇၇၇၇၀၄၅၊ ၃၁၁၈၀၀၈၁၊ ၂၆၀၇၃၃၂၃၂၊ ၄၀၁၅၆၆၁၀၀၁၊ mgytravel@gmail.

**တိပိဋကကျောင်းတော်(၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် (၂၁)ကြိမ်မြောက် ဆွမ်းပဒေသာပင်(၂၀၀၀) ရေစက်ချအခမ်းအနား ဖိတ်ကြားလွှာ**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋကကျောင်းတော်တွင် (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၁)ကြိမ်မြောက် ဆွမ်းပဒေသာပင်(၂၀၀၀)ရေစက်ချအခမ်းအနားကိုပါတစ်ပါတည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တိ=နိရာသက်ပန် အဖွဲ့ဝင်များနှင့် အကျိုးတော်ဆောင်များ စေတနာရှင် ဓမ္မမိတ်ဆွေများ (ဆွမ်းပဒေသာပင်များ လှူဒါန်းထားကြသော အလှူရှင်များ) ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက် - (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့) ၁၅-၈-၂၀၁၅ရက်(စနေနေ့)**

**အချိန် - မွန်းလွဲ ၂း၀၀နာရီ**

**နေရာ - တိပိဋကကျောင်းတော်(ရွှေရတုခန်းမ)**

**ကြွရောက်လာသည့် ဧည့်ပရိသတ်များအား မွန်းလွဲ (၁)နာရီတွင် ရွှေတောင်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

**တိ=နိ သာသနာပြုဥပဌာကအဖွဲ့၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉**




အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မျိုးမြတ်သူ A/C Express
ဒူးလုံးတောင် ပင်လုံတောင်
8 Aug 9:00pm ဇင်းကျိုက်ရေတံခွန်ကျိုက်ထီးဆောင်း
နေ့လည်/ညစာ(ငြိမ်း) 22500
15.8 မန္တလေးဘုရားစုံကျောက်စိမ်းဘုရား 31500
09254058712, 09 31568500

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖြစ်အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း**

မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင်ပြုလုပ်ပါမည်။

၂၀၁၅-၂၀၁၈ခုနှစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်ဖွဲ့စည်းရာတွင် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့်အဆိုပြုလွှာများကို မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းရုံး၊ အမှတ်(၈၂/၃၇)၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံနယ်မြေတွင် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၃ရက်တွင် ထုတ်ယူနိုင်ပြီး ယင်းအဆိုပြုလွှာများကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၅ရက် နောက်ဆုံးထား ပြန်လည်တင်သွင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးကိုကိုနိုင် (တွဲဖက်အတွင်းရေးမှူး)၊ ဖုန်း-၀၉-၇၃၂၀၂၇၇၆သို့ သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**



# မန္တလေးစွယ်တော်မြတ်စေတီတွင် ဓမ္မစကြာအခါတော်နေ့ ဘုရားပူးများဖြင့်စည်ကား

**မန္တလေး ဩဂုတ် ၂**

မန္တလေးစွယ်တော်မြတ်စေတီသည် ညစဉ်ဘုရားဖူးများဖြင့် စည်ကားသောစေတီပင် ဖြစ်သည်။ အထူးသဖြင့် ဝါတွင်းကာလနေ့လယ်ပိုင်းတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ဗုဒ္ဓစွယ်တော်မြတ်စေတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ၏ အထက်လက်ဝဲစွယ်တော်မြတ်ကြီးအား ၁၉၄၄၊ ၁၉၉၆၊ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်စဉ်တွင် စွယ်တော်မြတ်နှစ်ဆူကို ရင်ငွေ့တော်ခိုလုံစေကာ စွယ်တော်မြတ်နှင့်အတူ အပူဇော်ခံခဲ့သည်။

ထိုစွယ်တော်နှစ်ဆူထဲမှတစ်ဆူကို မန္တလေးမြို့ အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်၌ စွယ်တော်မြတ်စေတီတစ်ဆူတည်ကာ တည်ထားကိုးကွယ်ခဲ့သည်။

စွယ်တော်မြတ်စေတီ တည်ရာတွင် မြန်မာ့ရိုးရာ ရှေးထုံးအစဉ်အလာအတိုင်း မင်္ဂလာအခမ်းအနား ကိုးမျိုးကို ပြုလုပ်ကာတည်ထားကိုးကွယ်ခဲ့သည်ဟုသိရသည်။ စွယ်တော်မြတ်စေတီ(မန္တလေး)သည် မဟာဓမ္မရံသီကုန်းမြေတွင်ဝတ္ထုကံမြေအပိုင်းအခြား ၁၁၃ ဒသမ ၅၆ ဧကပေါ်တွင် အသွင် ၁၀၈ တောင်အမြင့်ဆောင်ကာ ဘုရားဂုဏ်တော်ကိုးပါးကို အာရုံထား၍ မုဒြာကိုးပါး၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကိုးဆူ၊ မုခ်ကိုးမုခ်၊ ဘုံကိုးဆင့်ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။

စေတီတော်ဉာဏ်တော်အမြင့် ၁၀၈ တောင် ၁၆၂ ပေ၊ ဖိနပ်တော် ၁၅၂ ပေ၊ ပန်းတင်ခုံ ကိုးပေ၊ တိုင်ကြီး ၄၅ လုံး၊ မုခ်ဦးကြီးကိုးမုခ်၊ သရက်ကင်းလှေကားခုနစ်စုံ၊ မကာရ်းလှေကားကိုးစင်း၊ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူ၊ အရန်စေတီကိုးဆူ၊ ရောင်လင်းပေါက် ၂၇ ပေါက်၊ ကာလသာအိုး ၂၇ အိုး၊ ပစ္စယာငါးဆင့်၊ ကြာဝန်းကြေး ဝန်းသုံးဆင့်၊ ကွမ်းတောင် အမြင့် ၃၇ ပေ၊ အ ထွတ်စေတီ ဉာဏ်တော်အမြင့် ၃၀ ပေ၊ ဗြဟ္မာရုပ်ကိုးရုပ်၊ ဝိသုကမ္မနတ်ကွန်း ကိုးခု၊ ခြင်္သေ့ရုပ် ၃၆ ရုပ်နှင့် ၁၉၉၅ ခုနှစ်ဩဂုတ် ၄ ရက် မှ ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် အတွင်း တည်ထားခဲ့သည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် လှုပ်ခဲ့သော ငလျင်ကြောင့်မြေခဲ့သော စိန်ဖူးတော်အား နိုင်ငံတော်အစီအစဉ်ဖြင့် ရွှေ ၉၃ ကျပ် ၁၅ ပဲခန့်နှင့် မိုးကုတ်ရောင်စုံကျောက် ၂၁၆ ပွင့်စီခြယ်၍ ပြုပြင်မွမ်းမံပြီး ၂၀၁၃ ခုနှစ် မေလ ၁၉ ရက်တွင် စိန်ဖူးတော်အသစ်တင်လှူခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ယခုအခါ မန္တလေးစွယ်တော်မြတ်စေတီ၌ ဝါတွင်းကာလများတွင် နေ့စဉ်ဘုရားဖူးများဖြင့် စည်ကားနေပြီး အခါကြီးရက်ကြီး လပြည့် နေ့၊ ညများတွင် ဘုရားဖူးများစည်ကားလေ့ရှိသည်။ ဝါဆိုလပြည့်တွင် မြို့ထဲမှဘုရားဖူးကားများ၊ ကျေးရွာအသီးသီးမှ ဘုရားဖူးကားများ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိသည်။ ဓမ္မစကြာအခါတော်နေ့ အပါအဝင် အခါကြီးရက်ကြီး လပြည့်နေ့တိုင်း စွယ်တော်မြတ်စေတီသို့ ဘုရားဖူးလာသည့်ဓလေ့သည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်အစဉ်အလာတစ်ခုသဖွယ် ဖြစ်နေသည်။ **တိမ်တမန်**

## လာဘသိဒ္ဓိဆုတောင်းပြည့်စေတီတော်အား မိုးအဆက်မပြတ်ရွာနေသော်လည်း ရွှေထီးတော်တင်လှူဆက်ကပ်

**နတ်တလင်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဇီးကုန်းလေးလမ်းထိပ်ရှိ ပရိယတ္တိစာသင်တိုက် မင်းကျောင်းဝင်းအတွင်း ဇူလိုင် ၃၁ ရက် (ဒုတိယဝါဆိုလပြည့်) နံနက် ၉ နာရီ၌ လာဘသိဒ္ဓိဆုတောင်းပြည့်စေတီတော်အား မိုးအဆက်မပြတ်ရွာနေသည့်ကြားကပင် ရွှေထီးတော်တင်ခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်၊

စေတီတော်၏ ဉာဏ်တော် ၁၆ တောင်ရှိ၍ အရန်စေတီငယ်ရှစ်ဆူနှင့် တံခွန်တိုင်ပါရှိသည်။ ယင်းစေတီတော်ကိုဆရာတော်ဦးခေမာသီရိနှင့် ကြို့ပင်ကောက်မြို့ ဇေယျာသိဒ္ဓိကျောင်းဆရာတော် ဝိဇ္ဇာဉာဏအရှင်ပဏ္ဍိတတို့က ဦးဆောင်ပြီး ခုနစ်ရက်သားသမီးများ စုပေါင်းထည့်ဝင်လှူဒါန်းကြသော ငွေဖြင့် တည်ထားခြင်းဖြစ်သည်။ ထီးတော်တင်ပွဲ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှအောင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးမျိုးမြင့်၊ အလှူရှင်များနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများလာရောက် ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

## မိုးဆက်လက်ရွာသွန်းနေသဖြင့် သဖန်းဆိပ်ဆည်မှ ရေများကိုပမာဏတိုး၍ ထုတ်လွှတ်

**မုံရွာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေဘိုခရိုင်၊ ကွ္ဍန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံမှ ရေများကို ပမာဏတိုး၍ ထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ဆည်သည် ကန်ရေပြည့်လက်ခံနိုင်သည့် ရေလှောင်ပမာဏ ၂၈ သိန်း ရှစ်သောင်းဧကပေ လက်ခံနိုင်ပြီး အထက်ပိုင်းဒေသများတွင် မိုးကောင်းနေသည့်အတွက် ဆည်၏ စိုးရိမ်ရေမှတ် ၅၄၅ ပေကို ကျော်လွန်ပြီး လက်ရှိ ဇူလိုင် ၃၁ ရက်တွင် ၅၄၅ ဒသမ ၄၀ ပေ ဖြစ်သည့် ကန်ရေပြည့်ပမာဏ ၂၉၄၄၀၉၆ ဧကပေကို ရောက်ရှိနေကြောင်း သိရသည်။

သို့ဖြစ်ရာ သဖန်းဆိပ်ဆည်၏ ပင်မရေပိုလွှဲ (၁၂)ပေါက်တံခါးမှ လက်ရှိရေလွှတ်နှုန်း ၅၂၀၀၀ ကျူးဆက်ဖြင့် ရေများလျှော့ချလျက်ရှိပြီး ယခင်ရက်များက ၄၆၀၀၀ ကျူးဆက်နှုန်းသာ ထုတ်လွှတ်ပေးရာမှ အထက်ပိုင်းတွင် မိုးဆက်လက်ရွာသွန်းသဖြင့် ယခုကဲ့သို့ တိုးမြှင့် ထုတ်လွှတ်နေကြောင်း သိရသည်။

